ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်၊ အင်္ဂါနေ့၊ (3-5-2011) (၆၇၄၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့ မိမိတို့နိုင်ငံတော်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် စတင်ကူးပြောင်းတည်ဆောက်နေ စာပေ၊ စာနယ်ဇင်းနှင့် ပတ်သက်၍လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အကောင်အထည်ဖော်မည်

ဆရာဝန်တင်ရွှေစာပေဆုချီးမြှင့်ပွဲ၌ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း မှာကြား

ရန်ကုန် မေ ၂

ယနေ့ မိမိတို့နိုင်ငံတော်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် စတင်ကူးပြောင်း တည်ဆောက်နေပြီ ဖြစ်ကြောင်း၊ ထိုသို့ ကူးပြောင်းရာတွင် စာပေ၊ စာနယ်ဇင်းနှင့် ပတ်သက်၍လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီဖြစ်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်ကြား ဖြစ်ပေါ်ခဲ့သည့် စာပေစာနယ်ဇင်းဆိုင်ရာ သမိုင်းသင်ခန်းစာများကို သုံးသပ်၍ လည်းကောင်း၊ နိုင်ငံတော်၏ ပကတိအရှိတရားများကို အခြေခံ၍သော် လည်းကောင်း၊ အာဆီယံနိုင်ငံများအပါအဝင် နိုင်ငံတကာ၏ မီဒီယာဆောင်ရွက်မှုများကို လေ့လာသုံးသပ်၍ လည်းကောင်း စတင်အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း။

ယင်းသို့ အကောင်အထည်ဖော်ရာတွင် စာပေပညာရှင်များ၊ စာပေလောကသားများသည် တိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုးကြသူများဖြစ်ရာ အနာဂတ်မီဒီယာနယ်ပယ်နှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ပေးကြရန် မေ ၁ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆိပ်ကမ်းသာလမ်းရှိ ကမ်းနားဟိုတယ်၌ ကျင်းပသည့် နဝမအကြိမ်မြောက် ဆရာဝန်တင်ရွှေ စာပေဆုချီးမြှင့်ပွဲ အခမ်းအနား၌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက မှာကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း နဝမအကြိမ်မြောက် ဆရာဝန်တင်ရွှေ စာပေဆုချီးမြှင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (အပေါ်ပုံ) (သတင်းစဉ်)

မိမိတို့နိုင်ငံ၌ တိုင်းပြည်နှင့်လူမျိုးကို အကျိုးပြုသည့်၊ အသိပညာအမျိုးမျိုးကိုပေးနိုင်သည့် ဘာသာရပ်ဆိုင်ရာ စာအုပ်အမျိုးပေါင်း ၄၀၀၀ ကျော် နှစ်စဉ်ထွက်ရှိနေပြီး ပုံနှိပ်ထုတ်ဝေသော အုပ်ရေအားဖြင့် သန်းနှင့်ချီ၍ ထုတ်ဝေဖြန့်ချိလျက်ရှိကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

ယနေ့ သတင်းအညွှန်း

ကုန်ထုတ်နိုင်မှုစွမ်းအား သတ်မှတ်စံချိန်ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်၊ စွန့်ပစ်ပစ္စည်းများမှ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိအောင် စီမံ

သတင်း စာမျက်နှာ - ၉

ကြီးအုံကြီးဝရေလှောင်တမံ ဘက်စုံစီမံကိန်း ၈၇ ရာခိုင်နှုန်းပြီးစီး ၂၀၁၁ ခုနှစ်အတွင်း ရာနှုန်းပြည့် ပြီးစီးမည်

သတင်း စာမျက်နှာ - ၆



မန်ယူကို အနိုင်ယူမည်ဟု ဂျွန်တယ်ရီ ပြောကြား

သတင်း စာမျက်နှာ - ၁၀

အီရန်ရေတပ်ရေငုပ်သင်္ဘောများ၌ ဒုံးကျည်များ တပ်ဆင်မည်

သတင်း စာမျက်နှာ - ၄

မှတ်သားဖွယ်ရာမိုးရေချိန်များ

၂ - ၅ - ၂၀၁၁

နေပြည်တော် (သပြေကုန်း)	သုည ဒသမ ၈၇ လက်မ
ပျဉ်းမနား	သုည ဒသမ ၈၇ လက်မ
နေပြည်တော် (ရေဆင်း)	သုည ဒသမ ၇၉ လက်မ
ဖန်းမော်	၃ ဒသမ ၇၈ လက်မ
ကသာ	၂ ဒသမ ၃၆ လက်မ

၃-၅-၂၀၁၁
(အင်္ဂါနေ့)

ပို့ကုန်ဦးစားပေး စက်မှုလုပ်ငန်းများ ထူထောင်

မျက်မှောက်ကာလတွင် နိုင်ငံတိုင်းက မိမိတို့အမျိုးသားအကျိုးစီးပွားကို ရှေ့တန်းတင်လာကြသည်။ အမျိုးသားနေအင်အားတိုးပွားရေးနှင့် အမျိုးသားစီးပွားရေးဘဝ တိုးတက်ခိုင်မာရေးအတွက် အပြိုင်အဆိုင် ကြိုးပမ်းနေကြသည်။

မြန်မာနိုင်ငံတွင် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလျက်ရှိသည်။ ဈေးကွက်စီးပွားရေးစနစ် ပေါ်ပေါက်လာရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများနှင့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ချမှတ်ထားပြီဖြစ်သည်။ နိုင်ငံ၏ကုန်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည်ပင် ဈေးကွက်စီးပွားရေးစနစ် စတင်ကျင့်သုံးသည့် ၁၉၈၈-၈၉ ခုနှစ်ကထက် ယနေ့ကာလတွင် ကုန်သွယ်မှုတန်ဖိုးအဆ ၂၀ နီးပါး တိုးတက်လာခဲ့ပြီဖြစ်သည်။

ယခင်ခေတ်အဆက်ဆက်က မြန်မာ့စီးပွားရေးသည် ဆန်စပါး တစ်ခုတည်းပေါ်တွင်သာ မှီခိုနေခဲ့ရသည်။ ယခုအခါ နိုင်ငံတော်အစိုးရ၏ အားပေးမှု၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ကြိုးစားအားထုတ်မှုတို့ကြောင့် လယ်ယာကဏ္ဍတွင် ဆန်စပါးအပြင် ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ရော်ဘာပို့ကုန်များ နှစ်စဉ်တိုးချဲ့တင်ပို့လာနိုင်ပြီဖြစ်သည်။ ထို့အတူ ပို့ကုန်အမယ်သစ်များအဖြစ် သဘာဝဓာတ်ငွေ့၊ အသင့်ချုပ်ပြီးအထည်၊ ရေထွက်ပစ္စည်းနှင့် ကျောက်မျက်ရတနာများပါ ပိုမိုတင်ပို့လာနိုင်ပြီဖြစ်သည်။

နိုင်ငံ၏စီးပွားရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးမှုမှတစ်ဆင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းသွားကြရပေမည်။ လက်ရှိတင်ပို့နေသော အခြေခံကုန်စည်များသာမက ပို့ကုန်ဦးစားပေး စက်မှုလုပ်ငန်းများ ထူထောင်သွားကြရမည်ဖြစ်သည်။ မကြာမြင့်မီကာလတွင် အာဆီယံလွတ်လပ်သော ကုန်သွယ်ရေးဇုန်ဖြစ်လာတော့မည်ဖြစ်ရာ ပြိုင်ဆိုင်မှုများ ပိုမိုပြုလုပ်လာကြပေတော့မည်။ မိမိတို့၏ ထုတ်ကုန်လုပ်ငန်းများ အခြေခံခိုင်မာရေး ကြိုးပမ်းတည်ဆောက်ထားကြရမည်ဖြစ်သည်။

အထူးသဖြင့် လက်ရှိတိုးတက်မှုရရှိနေသည့် လယ်ယာပို့ကုန်များ စဉ်ဆက်မပြတ် တိုးတက်ရေး အားထုတ်ကြရပေမည်။ ပြည်တွင်းထုတ်လုပ်မှုနှင့် ပြည်တွင်းရောင်းဝယ်မှုပုံစံ စနစ်တကျရှိရေး၊ စံချိန်စံညွှန်းများ တစ်ပြေးညီဖြစ်ရေး၊ ဈေးကွက်ဈေးနှုန်းနှင့် သတင်းအချက်အလက်များ ဖလှယ်ရေး လုပ်ဆောင်ကြရပေမည်။ လယ်ယာပို့ကုန်များ၏ အရေအတွက်သာမက အရည်အသွေးပါ တိုးတက်စေရေး အလေးထားကြရမည်ဖြစ်သည်။ စိုက်ပျိုးစရိတ်ချေးငွေ၊ သီးနှံမျိုးကောင်းမျိုးသန့်၊ ဓာတ်မြေဩဇာ စသည့် သွင်းအားစုများ ပိုမိုဖြည့်ဆည်းပေးခြင်းဖြင့် သီးနှံထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုတိုးတက်လာမည်ဖြစ်သည်။

ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးပြီး ကုန်သွယ်မှုမြင့်တင်နိုင်မှုနှင့်အတူ တိုင်းပြည်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမြင့်မားလာမည်ဖြစ်သည်။ စီးပွားရေးတိုးတက်မှုမြင့်မားသော နိုင်ငံများသည် ပို့ကုန်တိုးတက်မှုနှင့် ပို့ကုန် ဦးစားပေး စက်မှုလုပ်ငန်းများ ထူထောင်နိုင်ခြင်းကြောင့်ဖြစ်ရာ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ ကုန်သည်များက ပေါင်းစည်းညီညီ ကြိုးပမ်းစွမ်းဆောင်သွားကြရမည် ဖြစ်ပါသည်။ ။

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၃-၅-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၄ ၁။ နိုင်ငံတော်သီချင်း
၇:၀၅ ၂။ တရားတော်
၇:၁၅ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာ့ရှုခင်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၄ ၁။ နိုင်ငံတော်သီချင်း
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄:၁၅ ၄။ မျိုးချစ်တပ်မတော်
၄:၂၀ ၅။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၄:၃၅ ၆။ အလွမ်းတေးပန်းခြီ ချစ်သူဆီ
၄:၄၅ ၇။ အင်္ဂလိပ်စာသုတ
၄:၅၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
၅:၀၀ ၉။ မီးသတိပေးနှိုးဆော်ချက်
၅:၁၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သက်တော်စောင့် အပိုင်း (၃၈)**
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၁၅ ၁၄။ ဘောလုံးဟာသနှင့် ဂန္ထဝင်ဂိုး (၅၀၀)
၆:၂၅ ၁၅။ အောင်မြင်ခြင်းလမ်းမ
၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရတနာစံအိမ်(အပိုင်း-၁၇)**
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ ဒို့တာဝန်အရေး(၃)ပါး
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ လျှပ်တစ်ပြက်
၂၃။ ဟာသရုပ်စုံ
၂၄။ မွေးမြူသုတ
၂၅။ သီချင်းလက်ဆောင်
၂၆။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း ပန်းနုရောင်ချစ်အိပ်မက် (အပိုင်း-၁၆)**
၂၈။ **(၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ဂုဏ်ပြု ရုပ်မြင်သံကြားဇာတ်လမ်း -ဘာပဲဖြစ်ဖြစ်သတိရပါ**

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့် ဘဲရမ်းစံပြကျေးရွာ၌ စပါးရိတ်သိမ်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်နယ်ဖွံ့ဖြိုးရေး၊ လူနေမှုအဆင့်မြင့်မားရေး၊ အလုပ်အကိုင်အခွင့်အလမ်း ပေါများရေးအတွက် စီမံကိန်းအောင်မြင်သည်အထိ အကောင်အထည်ဖော်

နေပြည်တော် မေ ၂

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်သည် ဧပြီ ၂၈ ရက် နံနက်ပိုင်းတွင် ကျိုက်မရောမြို့နယ် အုပ်ချုပ်ရေးမှူးရုံး ညှိနှိုင်းခန်းမ၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ကျိုက်မရောမြို့နယ် နိတုံကျေးရွာ၌ တည်ဆောက်မည့် ဘိလပ်မြေစက်ရုံနှင့် စပ်လျဉ်းပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသနေပြည်သူများ လူနေမှုအဆင့်မြင့်မားရေး၊ အလုပ်အကိုင်အခွင့်အလမ်း ပေါများရေး စသည့် ရည်ရွယ်ချက်ဖြင့် ၎င်းစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ရာ တာဝန်ရှိသူများအနေဖြင့် စီမံကိန်းပြီးစီးအောင်မြင်သည်အထိ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး Good Governance၊ Clean Government ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် မုဒုံမြို့နယ် ညောင်ကုန်းစံပြကျေးရွာ အလယ်တန်းကျောင်း တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုကိုလည်းကောင်း၊ ဘဲရမ်းစံပြကျေးရွာ ကုလားတူးမြောင်းဖော်ထုတ်ပြီးစီးမှုနှင့် စပါးရိတ်သိမ်းနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြန်မာ့စိုက်ပျိုးရေးဗဟိုခြံသို့ ရောက်ရှိပြီး ပြည်နယ်အတွက် လိုအပ်သော မျိုးစပါးများ ထုတ်လုပ်မှုကိုလည်းကောင်း၊ သာယာကုန်းကျေးရွာ မူလတန်းကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှု အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ ဝန်ကြီးချုပ်သည် ဧပြီ ၂၉ ရက် နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ငွေမိုးဟိုတယ်၌ ကျင်းပသည့် စတုတ္ထအကြိမ် အိုင်စီတီနည်းပညာပြပွဲ (၂၀၁၁) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ပြပွဲခင်းကျင်းပြသထားမှုနှင့် ကွန်ပျူတာ တပ်ဆင်မှုပြိုင်ပွဲတို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် သထုံမြို့နယ် ကျုံပါရွာ မူလတန်းကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုနှင့် ကွန်ပျူတာတက္ကသိုလ်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံစီးပွားရေးတိုးတက်ရန် ပို့ကုန်အမယ်သစ်များ ရှာဖွေပြီး တန်ဖိုးမြင့်ထုတ်ကုန်များ တင်ပို့နိုင်ရေး ဆွေးနွေးမှာကြား

နေပြည်တော် မေ ၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းသည် ဧပြီ ၂၈ ရက် နံနက် ၈ နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန်းနီမြို့ ရေပူ ကုန်ပစ္စည်းစစ်ဆေးရေးစခန်းသို့ ရောက်ရှိပြီး ပို့ကုန်စစ်ဆေးရေးဂိတ်၊ သွင်းကုန်စစ်ဆေးရေးဂိတ်နှင့် ယာဉ်ငယ်စစ်ဆေးရေးဂိတ်တို့၌ ကုန်ပစ္စည်းများ စစ်ဆေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မူဆယ်မြို့ ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်သို့ရောက်ရှိပြီး ဇုန်အတွင်းရှိ ပို့ကုန်စစ်ဆေးရေးဂိတ်နှင့် သွင်းကုန်စစ်ဆေးရေးဂိတ်တို့၌ ကုန်တင်ယာဉ်များ ကုန်တင်ကုန်ချစစ်ဆေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး ကုန်သွယ်ရေးဇုန်အတွင်း အသစ်တည်ဆောက်ဖွင့်လှစ်မည့် မြန်မာ့ကုန်ပစ္စည်း စစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်း ရုံးခန်းတည်ဆောက်နေသည့် လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မူဆယ်မြို့ နယ်စပ်ကုန်သွယ်ရေးရိပ်သာ၌ ကုန်သည်လုပ်ငန်းရှင်များ၊ ကုန်စည်ဒိုင်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဒုတိယဝန်ကြီးက လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် နယ်စပ်ကုန်သွယ်မှုပမာဏ ပိုမိုတိုးတက်ရေး၊ ပြည်ပပို့ကုန်အမယ်သစ်များရှာဖွေပြီး တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း သိန်းနီမြို့ ရေပူ ကုန်ပစ္စည်းစစ်ဆေးရေးစခန်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း "ကဒူးမမှ မော်ဖသို့" စာအုပ်ဖြင့် ဆရာဝန်တင်ရွှေစာပေဆုရရှိသည့် မောင်ဆွေသက်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

✳ **ရွှေဖုံးမှ**

ယင်းစာအုပ်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်က အမျိုးသားစာပေဆုအတွက် ၁၄ဆု၊ စာပေဗိမာန် စာမူဆုအတွက် ၁၂ ဆုကို ပထမ၊ ဒုတိယနှင့် တတိယအားဖြင့် ၃၆ ဆု နှစ်စဉ်ရွေးချယ်ချီးမြှင့်ပေးလျက်ရှိရာ စာအုပ်နှင့်စာမူ စုစုပေါင်း ၅၀ ကို မိမိတို့အနေဖြင့် နှစ်စဉ်ချီးမြှင့်ပေးလျက်ရှိကြောင်း။

ဤနေရာတွင် စာပေကို ချစ်မြတ်နိုးသည့်၊ တိုင်းပြည်နှင့် လူမျိုးအကျိုးကိုလိုလားသည့် ဆရာဝန်တင်ရွှေ မိသားစုက ပုဂ္ဂလိကစာပေဆုအဖြစ် "ဆရာဝန်တင်ရွှေ စာပေဆု"ကို စေတနာသန့်သန့်ဖြင့် ဖော်ဆောင်ပေးခဲ့သည်ကို တွေ့ရပါကြောင်း၊ ယခု နဝမအကြိမ်တိုင် စာပေဆုချီးမြှင့်နိုင်ရန် စီမံဆောင်ရွက်ခဲ့သည့်အတွက် ချီးကျူးဂုဏ်ပြုရမည်ဖြစ်ပါကြောင်း၊ ဆရာဝန်တင်ရွှေ စာပေဆုကို ယခုကဲ့သို့ နှစ်စဉ်အစဉ်အလာမပျက် ချီးမြှင့်နိုင်အောင်၊ ရေရှည်တည်တံ့ခိုင်မြဲအောင် အားလုံးဝိုင်းဝန်းကြိုးပမ်းသွားကြရမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်က စာပေဆုများကို နိုင်ငံတော်အဆင့်ချီးမြှင့်သကဲ့သို့ ပုဂ္ဂလိကအဖွဲ့အစည်းများဖြစ်ကြသည့် ဆရာဝန်တင်ရွှေစာပေဆု၊ ထွန်းဖောင်ဒေးရှင်းစာပေဆု၊ ပခုက္ကူဦးအုံးဖေစာပေဆု၊ သုတစွယ်စုံစာပေဆုတို့ကလည်း စာပေဆုများကို နိုင်ငံတော်နှင့်အတူ နှစ်စဉ် စာပေလောကအတွက် တစ်ထောင့်တစ်နေရာက ပူးပေါင်းဖြည့်ဆည်းပေးလျက်ရှိကြောင်း။

၂၀၁၀ ခုနှစ်က ပခုက္ကူဦးအုံးဖေစာပေဆုနှင့် စပ်လျဉ်း၍ ပခုက္ကူမြို့သို့ ရောက်ရှိခိုက် တာဝန်ရှိသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးခဲ့စဉ် ပခုက္ကူဦးအုံးဖေစာပေဆုကို ရေရှည်ပိုမိုကျယ်ပြန့်စွာ ချီးမြှင့်နိုင်ရေးအတွက် ရန်ပုံငွေတစ်ရပ် ထူထောင်ဆောင်ရွက်သွားရန် မိမိအနေဖြင့် အကြံပြုခဲ့ကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများ တိုင်ပင်ဆွေးနွေးပြီး ပခုက္ကူဦးအုံးဖေစီစဉ်ခဲ့သော ပခုက္ကူစာပေဆုအဖြစ် ပြောင်းလဲ၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ကြရာ အလှူရှင်များကလည်း အလှူငွေများကို လှူဒါန်းလျက်ရှိကြောင်း။

ဆရာဝန်တင်ရွှေစာပေဆုအနေဖြင့်လည်း ရန်ပုံငွေတစ်ရပ် ထူထောင်ကာ ရေရှည်ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်သွားနိုင်ရေး အကြံပြုတိုက်တွန်းလိုကြောင်းဖြင့် ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က နှုတ်ခွန်းဆက်စကားနှင့် ဆရာဝန်တင်ရွှေ၏ စာပေအပေါ်ထားရှိသည့် စိတ်နေစိတ်ထားသဘောထားများကို ပြောကြားသည်။

ဆက်လက်၍ ဆရာဝန်တင်ရွှေစာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့- အဖွဲ့ဝင် ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်)က ဆုရစာအုပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက "ကဒူးမမှ မော်ဖသို့" စာအုပ်ဖြင့် ဆုရရှိသည့် မောင်ဆွေသက်အား ဆုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက "နောင်တကင်းရာသို့ " စာအုပ်ဖြင့် ဆုရရှိသည့် နန္ဒာသိန်းဇံ၊ ရန်ကုန်တိုင်းဒေသကြီး ယဉ်ကျေးမှုနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်က "မျိုးပွားကျန်းမာရေးဆိုင်ရာ အသိပညာပေး(ပေါင်းချုပ်)"စာအုပ်ဖြင့် ဆုရရှိသည့် ပါမောက္ခ ဒေါက်တာမြင့်မောင်မောင်နှင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က Knowledgeable Facts about Myanmar Traditional Culture and Heritage စာအုပ်ဖြင့် ဆုရရှိသည့် မောင်ခိုင်ဇော်တို့အား ဆုများပေးအပ်ချီးမြှင့်ကြပြီး ဆုရစာရေးဆရာများက ကျေးဇူးတင်စကား ပြောကြားကြသည်။

ထို့နောက် ဆရာဝန်တင်ရွှေ၏ဇနီး ဒေါ်အေးသန့်က ဆရာဝန်တင်ရွှေ စာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ကိုယ်စား ဆရာကြီး ဦးသော်ကောင်းအား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ပြီး မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့အတွက် အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ဆရာဝန်တင်ရွှေ စာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့- အဖွဲ့ဝင်များ၊ ဆရာဝန်တင်ရွှေ မိသားစုများနှင့် ဆုရ စာရေးဆရာများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆရာဝန်တင်ရွှေ စာပေဆုကို မြန်မာစာပေတွင် နိုင်ငံသားတို့အတွက် အသိအမြင် ဗဟုသုတ တိုးပွားစေသော စာအုပ်စာပေများ ပွားများရေး အားပေးရန်၊ ထိုသို့ အားပေးရာတွင် နှစ်စဉ် စာအုပ်၊ စာမူ တစ်မျိုးမျိုးကို မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ၏ကြီးကြပ်မှုဖြင့် ရွေးချယ်၍ ချီးမြှင့်ရန်နှင့် မြန်မာစာပေကို ဘက်စုံဖွံ့ဖြိုးအောင် အားပေးမြှင့်တင်ရေးနှင့် စာရေးဆရာတို့၏ ဘဝဖူလုံရေးကို စာပေဆု ချီးမြှင့်ခြင်းဖြင့် တစ်နည်းတစ်လမ်းကူညီရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် ၂၀၀၁ ခုနှစ်မှစတင်၍ ဆုများကို ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ "နောင်တကင်းရာသို့" စာအုပ်ဖြင့် ဆရာဝန်တင်ရွှေစာပေဆုရရှိသည့် နန္ဒာသိန်းဇံအား ဆုပေးအပ် ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ယဉ်ကျေးမှုနှင့်သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ် "မျိုးပွားကျန်းမာရေးဆိုင်ရာအသိပညာပေး(ပေါင်းချုပ်)" စာအုပ်ဖြင့် ဆရာဝန်တင်ရွှေစာပေဆုရရှိသည့် ပါမောက္ခဒေါက်တာမြင့်မောင်မောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသား စောချစ်) Knowledgeable Facts about Myanmar Traditional Culture and Heritage စာအုပ်ဖြင့် ဆရာဝန်တင်ရွှေစာပေဆုရရှိသည့် မောင်ခိုင်ဇော်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရာသီဥတုပြောင်းလဲလာမှုနှင့် မြို့ပြဒေရိယာများမှာ ဇီဝမျိုးလျှော့နည်းပပျောက်မှုအထိ ဆိုးရွားစေနိုင် မိမိတို့နိုင်ငံများအနေဖြင့် ယင်းစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရေး ပိုမိုပူးပေါင်းဆောင်ရွက်ရန်လိုအပ်

ရန်ကုန် မေ ၂

အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် အတူယှဉ်တွဲ၍ ရေရှည်ဖွံ့ဖြိုးတိုးတက်သော မြို့ကြီးများဆိုင်ရာ (၉)ကြိမ်မြောက် အာဆီယံလုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် ပထမအကြိမ် အာဆီယံဦးဆောင်အဖွဲ့ အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ Hotel Yangon ၌ ကျင်းပသည်။

အစည်းအဝေးသို့ ရန်ကုန်မြို့တော်ဝန်၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်၊ အာဆီယံ အတွင်းရေးမှူးရုံးနှင့် အာဆီယံအဖွဲ့ဝင် နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာကျွမ်းကျင်ပညာရှင်များနှင့် ဌာနဆိုင်ရာမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်မြို့တော်ဝန်က အာဆီယံဒေသအတွင်း၌ ရေထုညစ်ညမ်းမှု၊ လေထုညစ်ညမ်းမှုနှင့် ကျန်းမာသန့်ရှင်းရေး၊ အမှိုက်များရှင်းလင်းသိမ်းဆည်းမှု၊ အခြေခံပစ္စည်းပစ္စယများ ဖြည့်တင်းစီစဉ်ရေး စသည့် ကိစ္စများကဲ့သို့ မြို့ပြပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ၊ အာဆီယံဒေသအတွင်း မြို့တော်များအနေဖြင့် လူဦးရေထူထပ်မှု၊ စက်မှုလက်မှုလုပ်ငန်းများ တိုးချဲ့လာမှုနှင့် မော်တော်ယာဉ်စီးရေ များပြားလာမှု စသည့် စိန်ခေါ်မှုများအားလုံး ရင်ဆိုင်နေကြရကြောင်း၊ ထို့ပြင် ရာသီဥတုပြောင်းလဲလာမှုနှင့် မြို့ပြဧရိယာများမှာ ဇီဝမျိုး လျှော့နည်းပပျောက်မှုအထိ ဆိုးရွားသွားစေနိုင်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံများအနေဖြင့် ယင်းစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရေး ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန် လိုအပ်လာပြီဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အာဆီယံလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ Ms. Liana Bratasida က အမှာစကား ပြောကြားသည်။

ထို့နောက် ရန်ကုန်မြို့တော်ဝန်၊ အာဆီယံအတွင်းရေးမှူးရုံးနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(အောက်ဝဲပုံ)**

ယင်းနောက် အာဆီယံအဖွဲ့ဝင်နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များသည် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးကြသည်။

အဆိုပါ အစည်းအဝေးကို မေ ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ညပိုင်းတွင် ရန်ကုန်မြို့တော်ဝန်သည် အာဆီယံအတွင်းရေးမှူးရုံးနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာကျွမ်းကျင်ပညာရှင်များ၊ ဌာနဆိုင်ရာ ကိုယ်စားလှယ်များအား အဆိုပါဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂-၅-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၂၉. ၈၄၄၀	၀. ၀၃၃၅၀၇၆
တရုတ် (ယွမ်)	၆. ၄၉၄၄၉	၀. ၁၅၃၉၇၇
အိန္ဒိယ (ရူပီး)	၄၄. ၃၄၅၀	၀. ၀၂၂၅၅၀၅
မလေးရှား (ရင်းဂစ်)	၂. ၉၆၃၅၀	၀. ၃၃၇၄၃၉
စင်ကာပူ (ဒေါ်လာ)	၁. ၂၂၂၇၄	၀. ၈၁၇၈၃၂
ဂျပန် (ယန်း)	၈၁. ၄၁၃၃	၀. ၀၁၂၂၈၃၀
တောင်ကိုရီးယား(ဝမ်)	၁၄၃. ၀၇၉	၀. ၀၀၆၉၈၉၁၃
ယူရို	၀. ၆၇၃၄၇၄	၁. ၄၈၄၈၄
ဗြိတိသျှ (ပေါင်)	၀. ၅၉၉၆၀၂	၁. ၆၆၇၇၇

(3-5)03.pmd 1 5/3/2011, 2:33 AM

ဂါဇာငြိမ်းချမ်းရေး ဂီတပွဲကို စီစဉ်နေသော အစ္စရေး နိုင်ငံသား သံစုံတီးဝိုင်းခေါင်းဆောင် ဒန်နီယယ်လ် ဘာရန်ဘွင်း။

အစ္စရေးနိုင်ငံသား သံစုံတီးဝိုင်းခေါင်းဆောင် ဂါဇာငြိမ်းချမ်းရေးဂီတပွဲ ကျင်းပရန်စီစဉ်

ဂျေရုဆလင် မေ ၂

အစ္စရေးနိုင်ငံသား သံစုံတီးဝိုင်းခေါင်းဆောင် ဒန်နီယယ်လ်ဘာရန်ဘွင်းသည် ဥရောပတိုက်မှ ဂီတပညာရှင်များပါဝင်သော သံစုံတီးဝိုင်းတစ်ခုကို ဦးဆောင်ကာ ဂါဇာကမ်းမြောင်ငြိမ်းချမ်းရေးဂီတပွဲတစ်ခုကို ဖျော်ဖြေတီးမှုတ်သွားမည်ဖြစ်ကြောင်း ယနေ့သတင်းများတွင်ဖော်ပြသည်။

ဒန်နီယယ်လ်ဘာရန်ဘွင်း၏ သံစုံတီးဝိုင်းဂီတဖျော်ဖြေပွဲသည် ဂါဇာကမ်းမြောင်၌ ပထမဆုံးကျင်းပနိုင်သည့် နိုင်ငံတကာအဆင့်ဂန္ထဝင်ဂီတဖျော်ဖြေပွဲဖြစ်သည်။

သံစုံတေးဂီတဖျော်ဖြေမှုကို မေ ၃ ရက်တွင် ဂါဇာကမ်းမြောင်ဒေသ အယ်လ်မက်ဟက်ဖ်ယဉ်ကျေးမှုအဆောက်အအုံ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂအရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးဖြစ်စဉ်(ယူအင်န်အက်စ်စီအို)မှ အထူးစေ့စပ်ညှိနှိုင်းရေးမှူးက ပြောကြားသည်။

အစ္စရေးနှင့် ပါလက်စတိုင်းအကြား ငြိမ်းချမ်းရေးတည်ဆောက်မှုကို လိုလားသူတစ်ဦးဖြစ်သည့် အစ္စရေးနိုင်ငံသား သံစုံတီးဝိုင်းအဖွဲ့ခေါင်းဆောင်ဘာရန်ဘွင်းသည် ပါလက်စတိုင်းဒေသ၌ ဂီတဖျော်ဖြေပွဲကျင်းပရန် ပထမဆုံးအကြိမ် စီစဉ်ခဲ့ခြင်းဖြစ်သည်။

ဘာရန်ဘွင်း၏သံစုံဂီတတီးဝိုင်း၌ အတီးအမှုတ်ပညာရှင် ၂၅ ဦးပါဝင်မည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

သို့ရာတွင် ဟားမားစ်များ အုပ်ချုပ်သောဂါဇာကမ်းမြောင်ဒေသသို့ အစ္စရေးနိုင်ငံသားများ ဝင်ရောက်ခွင့်ကို အစ္စရေးစစ်ဘက်က ပိတ်ပင်ထားရာ ဂီတဝိုင်းခေါင်းဆောင်ဘာရန်ဘွင်းနှင့် တီးဝိုင်းအဖွဲ့သားများအနေဖြင့် အီဂျစ်နိုင်ငံ ရာဖာမြို့မှတစ်ဆင့်သာ ဂါဇာကမ်းမြောင်ဒေသသို့ ဝင်ရောက်ရမည်ဖြစ်သည်။ **အင်တာနက်။**

အီရတ်နိုင်ငံအတွင်းရှိ လေတပ်စခန်းတစ်ခု၌ အစ္စရေးစစ်လေယာဉ်များစုဝေးနေကြောင်း အီရန်သတင်းထုတ်ပြန်

တီဟီရန် မေ ၂

အီရန်နိုင်ငံကို တိုက်ခိုက်မှုတစ်ရပ်လုပ်ဆောင်ရန်အတွက် အီရတ်နိုင်ငံအတွင်းရှိ အမေရိကန်လေတပ်အခြေစိုက်စခန်း တစ်ခု၌ အစ္စရေးစစ်လေယာဉ်များ စုရုံးနေကြောင်း အီရန်နိုင်ငံပိုင် ပရက်စ်တီဗွီသတင်းဌာနက မေ ၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ပရက်စ်တီဗွီသတင်းဌာနက ထုတ်ပြန်ခဲ့သောသတင်းနှင့်ပတ်သက်၍ အစ္စရေးနိုင်ငံက ငြင်းပယ်ခဲ့ပြီး အီရတ်လေတပ်ထိပ်တန်းတာဝန်ရှိသူတစ်ဦးကလည်း အခြေအမြစ်မရှိသော သတင်းသာဖြစ်ကြောင်း ပြောကြားခဲ့သည်။

အမေရိကန်ဆန့်ကျင်ရေးဝါဒီ မွတ်တာဒါးအယ်လ်ဆာဒါးနှင့် နီးစပ်သောသတင်းအရင်းအမြစ်များ၏အဆိုကိုကိုးကား၍ အီရတ်နိုင်ငံအတွင်းရှိ အမေရိကန်လေတပ်စခန်း၌ အစ္စရေးလေယာဉ်များ စုရုံးနေသည့်သတင်းအား ပရက်စ်တီဗွီသတင်းဌာနက ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ပရက်စ်တီဗွီသတင်းဌာန၏ ဖော်ပြချက်အရ အစ္စရေး လေယာဉ်များ စုရုံးနေသည်ဆိုသော လေတပ်စခန်းသည် အယ်လ်အက်ဆက်လေတပ်စခန်းဖြစ်ပြီး အီရတ်နိုင်ငံအတွင်း၌ရှိကြောင်း သိရသည်။

အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံကို တိုက်ခိုက်ရန်အတွက် အီရတ်နိုင်ငံအား ခြေကုပ်စခန်းအဖြစ် အသုံးပြုခွင့်အား မိမိတို့ပေးမည်မဟုတ်ကြောင်း အီရတ်လေတပ်ဦးစီးချုပ်က ပြောကြားသည်။

အစ္စရေးနိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသ၌ နျူကလီးယား လက်နက်ပိုင်ဆိုင်သည့် တစ်ခုတည်းသောနိုင်ငံအဖြစ် ယုံကြည်ရဖွယ်ရှိသည်။

၁၉၈၁ ခုနှစ်အတွင်း၌ အီရတ်နိုင်ငံ၏ နျူကလီးယားဓာတ်ပေါင်းဖိုကို အစ္စရေးလေတပ်က ဗုံးကြဲဖျက်ဆီးခဲ့ဖူးသည်။

အကယ်၍ အစ္စရေးနိုင်ငံက မိမိတို့၏ နျူကလီးယားစွမ်းအင်ဆိုင်ရာ အဆောက်အအုံများကို ဗုံးကြဲတိုက်ခိုက်ခဲ့ပါက မိမိတို့ကလည်း အစ္စရေး၏ နျူကလီးယား အဆောက်အအုံများကို တုံ့ပြန်တိုက်ခိုက်မည်ဖြစ်ကြောင်း အီရန်နိုင်ငံက မကြာခဏ သတိပေးလေ့ရှိသည်။ ***ရိုက်တာ။***

တရုတ်နှင့် ဂျပန်တို့အကြား ပိုင်ဆိုင်မှုအငြင်းပွားလျက်ရှိသော အရှေ့တရုတ်ပင်လယ်အတွင်းရှိ ဆန်ကာကူကျွန်း။

တရုတ် သမုဒ္ဒရာထောက်လှမ်းလေ့လာရေးအေဂျင်စီ၏လုပ်ငန်းများ တိုးမြှင့်မည်

ပေကျင်း မေ ၂

တရုတ်နိုင်ငံသည် ၎င်း၏ ပင်လယ်ရေကြောင်းဆိုင်ရာ အကျိုးစီးပွားများကို ကာကွယ်ရန်အတွက် သမုဒ္ဒရာလေ့လာရေးအေဂျင်စီကို ဖွဲ့စည်းပုံတိုးချဲ့သွားမည်ဖြစ်ကြောင်း မေ ၂ ရက် သတင်းများတွင် ဖော်ပြသည်။

သမုဒ္ဒရာ ထောက်လှမ်းလေ့လာရေးအေဂျင်စီကို ဝန်ထမ်းသစ် ၁၀၀၀ တိုးမြှင့်ခန့်အပ်သွားမည်ဖြစ်ပြီး ပစ္စည်းကိရိယာအသစ်များကိုလည်း ဖြည့်ဆည်းတပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း ယင်းအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံနှင့် ဆက်စပ်မှုရှိသော ရေပြင်ပိုင်နက်များ၌ တရားဥပဒေစိုးမိုးမှုကို ခိုင်မာစွာတည်ဆောက်နိုင်ရန် ပင်လယ်ပြင်ကင်းလှည့်မှုများအား အရေအတွက် တိုးမြှင့်လုပ်ဆောင်မည်ဖြစ်သည်။

အစောပိုင်းလများအတွင်း တရုတ်နိုင်ငံနှင့် ဒေသတွင်းအိမ်နီးချင်းနိုင်ငံအချို့တို့အကြား ရေကြောင်းနယ်နိမိတ်ပိုင်ဆိုင်မှုဆိုင်ရာ ပြဿနာများပေါ်ပေါက်ခဲ့ရာ အခြေအနေတင်းမာမှုများဖြစ်ပေါ်ခဲ့ရသည်။

တရုတ်နိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံအချို့တို့အကြား ပိုင်ဆိုင်မှုအငြင်းပွားလျက်ရှိသောကျွန်းများသည် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ရန် ကောင်းမွန်၍ ရေနံနှင့်သဘာဝဓာတ်ငွေ့များ ထွက်ရှိနိုင်သည်ဟု ယူဆရသော ရေပြင်အတွင်း တည်ရှိသည်။

တရုတ်သမုဒ္ဒရာ ထောက်လှမ်းလေ့လာရေးအေဂျင်စီ၏ လုပ်ငန်းများ အောင်မြင်ချောမွေ့စေရန် ရုံးအဖွဲ့ဝင်အင်အားကို တိုးမြှင့်သွားမည်ဖြစ်ပြီး လာမည့်ငါးနှစ်အတွင်း ထောက်လှမ်းရေးရေယာဉ် ၃၆ စင်း အားဖြည့်ပေးသွားမည်ဖြစ်ကြောင်း ယင်းအေဂျင်စီ၏ လက်ထောက်ညွှန်ကြားရေးမှူးက ပြောကြားသည်။ **အင်တာနက်။**

ဂျူးများ လူမျိုးဖြုတ်သတ်ဖြတ်ခံခဲ့ရသော အထိမ်းအမှတ်နေ့ အစ္စရေးနိုင်ငံ ကျင်းပ

ဂျေရုဆလင် မေ ၂

ဒုတိယကမ္ဘာစစ်အတွင်း ဂျူးလူမျိုးများ လူမျိုးဖြုတ်သတ်ဖြတ်ခံခဲ့ရသည့် အဖြစ်အပျက် အောက်မေ့ဖွယ်နေ့ကို အစ္စရေးနိုင်ငံတစ်ဝန်း၌ မေ ၁ ရက်က ပြုလုပ်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဂျာမန်နာဇီများက ဒုတိယကမ္ဘာစစ်အတွင်း ဂျူးလူမျိုးများကို လူမျိုးဖြုတ်သတ်ဖြတ်ခဲ့သည့် အောက်မေ့ဖွယ်နေ့တွင် အစ္စရေးနိုင်ငံတစ်ဝန်း နှစ်မိနစ်ကြာမျှ ဥသြသံများထုတ်လွှင့်ခဲ့ပြီး သတ်ဖြတ်ခံခဲ့ရသော ဂျူးလူမျိုးခြောက်သန်းအတွက် ဦးညွှတ်ငြိမ်သက်ခဲ့ကြသည်။

နှစ်စဉ်ကျင်းပမြဲ ဂျူးလူမျိုးများ လူမျိုးဖြုတ်သတ်ဖြတ်ခံရမှု အထိမ်းအမှတ်နေ့၌ အစ္စရေးနိုင်ငံအတွင်း ယာဉ်သွားယာဉ်လာများ ခေတ္တရပ်ဆိုင်းပေးခဲ့ပြီး သေဆုံးခဲ့ရသူ ဂျူးလူမျိုးများအတွက် ဂုဏ်ပြုပေးခဲ့သည်။

အခမ်းအနားကျင်းပစဉ် အခိုက်အတန့်အတွင်း အစ္စရေး မီဒီယာများက ကြေကွဲဖွယ် တေးသီချင်းများနှင့် နာဇီတို့၏ လူမျိုးဖြုတ်သတ်ဖြတ်မှုအောက်မှ အသက်ရှင် ကျန်ရစ်သူ ဂျူးလူမျိုး ၂၀၀၀၀၀ ကျော်တို့၏ ကိုယ်တွေ့ဇာတ်လမ်းများကို ထုတ်လွှင့်ပေးခဲ့သည်။

နာဇီဂျာမနီများကို မဟာမိတ်တပ်ဖွဲ့များက ၁၉၄၅ ခုနှစ်တွင် အောင်နိုင်ခဲ့ပြီးနောက် ဂျူးများအား လူမျိုးဖြုတ်သတ်ဖြတ်မှုဖြစ်စဉ်သည်လည်း နိဂုံးချုပ်ခဲ့ရသည်။

သို့ရာတွင် ကမ္ဘာပေါ်ရှိ ဂျူးလူမျိုးဦးရေ၏ သုံးပုံတစ်ပုံကျော်ကို နာဇီများက သတ်ဖြတ်ခဲ့မှုသည် အစ္စရေးနိုင်ငံအတွက် အကင်းမသေနိုင်သော ဒဏ်ရာဒဏ်ချက်သဖွယ် ကျန်ရစ်ဆဲဖြစ်သည်။

အစ္စရေးနိုင်ငံ၏ ဂျူးလူမျိုးများ လူမျိုးဖြုတ်သတ်ဖြတ်မှု အထိမ်းအမှတ် အဆောက်အအုံဖြစ်သော ယက်ဒ်ဗာရှမ်၌ ကျင်းပသည့် လွမ်းသူ့ပန်းခွေချပွဲသို့ အစ္စရေးသမ္မတရှီမွန်ပီရက်ဇ်နှင့် ဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု အပါအဝင် အစ္စရေးအစိုးရတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါအခမ်းအနား၌ ဂျူးလူမျိုးများကို ကမ္ဘာပေါ်မှ အစဖျောက်ရန် ကြံစည်ခဲ့သော နာဇီများနှင့် အစ္စရေးနိုင်ငံကို ပျက်ရာပျက်ကြောင်း လုပ်ဆောင်ရန် အားထုတ်နေသော အီရန်နိုင်ငံကို အစ္စရေးဝန်ကြီးချုပ်က နှိုင်းယှဉ်ပြောကြားခဲ့သည်။ **အင်တာနက်။**

အီရန်ရေတပ်ရေငုပ်သင်္ဘောများ၌ ဒုံးကျည်များတပ်ဆင်မည်

တီဟီရန် မေ ၂

အီရန်ရေတပ်မတော်ဒုတိယအကြီးအကဲ ရေတပ်ဗိုလ်ချုပ်ဖာဟက်အမီရီက မဝေးတော့သောကာလတွင် အီရန်ရေတပ်ရေငုပ်သင်္ဘောများကို ဒုံးကျည်များအပြည့်အစုံတပ်ဆင်သွားမည်ဟု မေ ၁ ရက်တွင် ပြောကြားခဲ့သည်။ တော်ပီဒိုများတပ်ဆင်သုံးစွဲရမှုမှာ အကန့်အသတ်ရှိသည့်အတွက် မိမိတို့အနေဖြင့် ရေငုပ်သင်္ဘောများ**(အပေါ်ပုံ)**၌ ဒုံးကျည်စနစ်များတပ်ဆင်ရေးကို ရှေ့တိုးလုပ်ဆောင်သွားရန် ပိုင်းဖြတ်ထားသည်ဟုဆိုသည်။

အီရန်ရေတပ်သည် သမားရိုးကျမဟုတ်သော စစ်ဆင်နွှဲမှုများကို လုပ်ဆောင်နိုင်စွမ်းရှိကြောင်း၊ အီရန်အမြန်ရေယာဉ်အချို့သည် အမြန်နှုန်းရေမိုင် ၅၀ မှ ၆၀ (တစ်နာရီလျှင် ကီလိုမီတာ ၁၀၀)အထိ ခုတ်မောင်းရင်းပစ်မှတ်ကို ရှာဖွေကာ ဒုံးကျည်များဖြင့် ပစ်ခတ်ချေမှုန်းနိုင်စွမ်းရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ အမ်အင်အေ၊ဆင်ဟွာ။

အိုစမာဘင်လာဒင် ပါကစ္စတန်နိုင်ငံအတွင်း စစ်ဆင်ရေးတစ်ရပ်၌ သေဆုံး

အစ္စလာမ္မာဘတ် မေ ၂

ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ အယ်လ်ခိုင်ဒါခေါင်းဆောင် အိုစမာဘင်လာဒင်သည် မေ ၂ ရက် နံနက်က ပြုလုပ်သော အမေရိကန်တပ်ဖွဲ့၏ စစ်ဆင်ရေးတစ်ရပ်တွင် သေဆုံးခဲ့ပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ထိုနေ့နံနက်က အိုစမာဘင်လာဒင် သေဆုံးသည့်သတင်းထွက် ပေါ်လာပြီး ပါကစ္စတန်သမ္မတ အာဆစ်ဖ်အလီဇာဒါရီက အရေးပေါ်အစည်းအဝေးခေါ်ယူပြီးနောက် ထုတ်ပြန်ခဲ့သောကြေညာချက်၌ အဆိုပါစစ်ဆင်ရေးတွင် ပါကစ္စတန်စစ်တပ်ပါဝင်ပတ်သက်ခြင်း မရှိကြောင်း အတည်ပြု ပြောကြားလိုက်သည်။

ဖြစ်စဉ်မှာ မေ ၂ ရက်(တနင်္လာနေ့) နံနက်စောစောတွင် အမေရိကန်အထူးတပ်ဖွဲ့ တစ်ဖွဲ့သည် ပါကစ္စတန်နိုင်ငံ အစ္စလာမ္မာဘတ်မြို့မြောက်ဘက် ကီလိုမီတာ ၆၀ ခန့်အကွာရှိ တောင်တန်းများအကြား စစ်ဆင်ရေးပြုလုပ်ခဲ့ကြောင်း၊ စစ်ဆင်ရေးမှာ နှစ်နာရီကြာမျှပြုလုပ်ခဲ့ရပြီး အမေရိကန်အထူးတပ်ဖွဲ့၏ စစ်ဆင်မှုကြောင့် အိုစမာဘင်လာဒင်နှင့်အတူ ၎င်း၏သားတစ်ဦးနှင့် နောက်လိုက်သုံးဦး သေဆုံးခဲ့ကြောင်း၊ ဘင်လာဒင်၏ကလေးခြောက်ဦး၊ ဇနီးနှစ်ဦးနှင့် ၎င်း၏မိတ်ဆွေလေးဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

အဆိုပါစစ်ဆင်ရေးတွင် အမေရိကန်စစ်ဘက်ရဟတ်ယာဉ် တစ်စင်းပျက်ကျခဲ့ကာ လေယာဉ်မှူးသေဆုံးခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

တိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် ၎င်းနေရာသို့ အမေရိကန်စစ်ဘက်ရဟတ်ယာဉ်နှစ်စင်း ရောက်ရှိလာပြီး အိုစမာဘင်လာဒင်၏ ရုပ်အလောင်းအား သယ်ဆောင်သွားခဲ့သည်။ ထို့နောက် မေ ၂ ရက် (တနင်္လာနေ့)၌ပင် အိုစမာဘင်လာဒင်၏ရုပ်အလောင်းအား ပင်လယ်အတွင်းမျှောကာ သင်္ဂြိုဟ်လိုက်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး အရာတော်မြို့နယ်ရှိ အမှတ်(၂) မြစ်ရေတင်စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စပါးအထွက် ပိုမိုကောင်းမွန်ရေး မျိုးစပါးနှင့်သဟဇာတဖြစ်သည့် သွင်းအားစုများထည့်ပေး ဆည်ရေဖြင့် စိုက်ပျိုးရသည့်အတွက် ရေကိုအကျိုးရှိစွာအသုံးချ

နေပြည်တော် မေ ၂

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးသည် မေ ၁ ရက် နံနက်ပိုင်းတွင် အရာတော်မြို့နယ်ရှိ အမှတ်(၂) မြစ်ရေတင်စီမံကိန်း မန်ကျည်းစောက်မှ မြစ်ရေဖြင့် နွေစပါးဧက ၂၀၀၀ ရေတင်စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများအား လယ်ယာကုန်ထုတ်အသင်း ဖွဲ့စည်းရေး၊ မိုးဦးသီးနှံများဖြစ်သည့် ဝါနှင့်နှမ်းဧကများ အပြည့်အဝ စိုက်ပျိုးရေးတို့ကို မှာကြားသည်။

ထို့နောက် ဝက်လက်မြို့နယ် ကျီးကန်ကျေးရွာ ကွင်းအမှတ် ၃၂၇၅ တွင် တောင်သူ ဦးချိုဝင်းကျော် စိုက်ပျိုးထားသည့် ရက် ၁၂၀ နွေစပါး ငါးဧက စံပြစိုက်ကွင်းနှင့် ရွှေဘိုမြို့နယ် ဇီးတောကျေးရွာရှိ ကွင်းအမှတ် ၃၃၁၆ တွင် တောင်သူဒေါ်လေးရှိန် စိုက်ပျိုးထားသည့် ရက် ၉၀ နွေစပါး ၂ ဒသမ ၄၁ ဧကကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တောင်သူများအား လယ်ယာကုန်ထုတ်အသင်းဖွဲ့စည်းရေး၊ စပါးအထွက်နှုန်း ပိုမိုကောင်းမွန်ရေးအတွက် မျိုးစပါးနှင့်သဟဇာတဖြစ်သည့် သွင်းအားစုများ ထည့်ပေးရေး၊ ဆည်ရေဖြင့် စိုက်ပျိုးရသည့်အတွက် ရေကိုအကျိုးရှိစွာ အသုံးချရေး၊ သီးနှံဖျက်ပိုးများ မကျရောက်စေရန် စိုက်ပျိုးရေးဝန်ထမ်းများကလည်း လယ်ကွင်းထဲအရောက် ကွင်းဆင်း၍ တောင်သူများအား ပညာပေးခြင်း၊ လက်တွေ့ပြသခြင်းများဖြင့် ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ဧရာဝတီမြစ်ကို ဖြတ်ကျော်၍ ရတနာသိင်္ယံတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထူးအယူခံခုံရုံး ရုံးထိုင်ကြားနာ

နေပြည်တော် မေ ၂

ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်နှင့် ဦးမြင့်ဟန်တို့ ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ပြည်ထောင်စု တရားစီရင်ရေးဥပဒေအရ တင်သွင်းသည့် ပြစ်မှုအထူးအယူခံမှု ခြောက်မှုကို ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်တွင်းအမြန်ချောပို့လုပ်ငန်း ထပ်ဆောင်းဝန်ဆောင်မှုများအတွက် ဝန်ဆောင်ခပြောင်းလဲကောက်ခံ

ရန်ကုန် မေ ၂

ပြည်တွင်းအမြန်ချောပေးပို့ရာတွင် ထပ်ဆောင်းဝန်ဆောင်မှုများ ဆောင်ရွက်ပေးသည့်အတွက် ဝန်ဆောင်ခ (Service Charge)ကို ယခင်နှုန်းထားမှ ပြောင်းလဲ၍ မေ ၁ ရက်မှ စတင်ပြီး နှုန်းထားသစ်များဖြင့် ပြောင်းလဲကောက်ခံကြောင်း သိရသည်။

ယခုကောက်ခံသည့် နှုန်းထားများမှာ အလေးချိန် ၀ ဒသမ ၁ မှ ၅ ကီလိုဂရမ် အထိကို ကျပ် ၅၀၀၊ အလေးချိန် ၅ ဒသမ ၁ မှ ၁၀ ကီလိုဂရမ်အထိကို ကျပ် ၁၀၀၀၊ အလေးချိန် ၁၀ ဒသမ ၁ မှ ၂၀ ကီလိုဂရမ်အထိကို ကျပ် ၂၀၀၀နှင့် အလေးချိန် ၂၀ ဒသမ ၁ မှ ၃၀ ကီလိုဂရမ်အထိကို ကျပ် ၃၀၀၀ ကောက်ခံကြောင်း အများပြည်သူသို့ တရားဝင်ထုတ်ပြန်သော စာရင်းများအရ သိရသည်။

ဝန်ဆောင်မှုအနေဖြင့် တင်ပို့သူများ၏ အမြန်ချော စာ/ချောထုပ် ရောက်ရှိပေးဝေမှု အခြေအနေအား အချိန်နှင့် တစ်ပြေးညီ သိရှိလိုပါက Online ဖြင့် Track & Trace လမ်းကြောင်းခြေရာခံစနစ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းအနေဖြင့် ပြည်တွင်းအမြန်ချောပို့ခြင်းကို မြန်မာနိုင်ငံအနှံ့သို့ ဆောင်ရွက်ပေးထားပြီး ရန်ကုန်မှ လက်ခံဆောင်ရွက်ပေးသည့်မြို့စုစုပေါင်း ၁၀၉ မြို့ရှိသည်။

(ကြေးမုံ)

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

တောင်ကိုရီးယား ပေါ်စကိုကုမ္ပဏီ အိန္ဒိယ၌ သံမဏိစက်ရုံထူထောင်ရန် လမ်းပွင့်ပြီဟုဆို

နယူးဒေလီ မေ ၂

တောင်ကိုရီးယားနိုင်ငံမှ သံနှင့်သံမဏိထုတ်လုပ်ရေးထိပ်တန်းကုမ္ပဏီဖြစ်သော ပေါ်စကိုကုမ္ပဏီသည် အိန္ဒိယနိုင်ငံ၌ သံမဏိစက်ရုံတစ်ရုံထူထောင်ရေးအတွက် ဒေါ်လာ ၁၂ ဘီလီယံ ရင်းနှီးမြှုပ်နှံရန် လမ်းပွင့်သွားပြီဖြစ်ကြောင်း အိန္ဒိယသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အကြီးဆုံးစီမံကိန်း

အိန္ဒိယနိုင်ငံ၌ ၁၉၉၁ ခုနှစ်က ဈေးကွက်ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို စတင်ဆောင်ရွက်ခဲ့ချိန် နောက်ပိုင်း ပေါ်စကိုကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုသည် အိန္ဒိယ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီမံကိန်းများအနက် အကြီးဆုံးစီမံကိန်းတစ်ရပ်ဖြစ်လာမည်ဆို၏။

ပေါ်စကိုကုမ္ပဏီသည် အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်၌ သံမဏိစက်ရုံတည်ထောင်ရေးတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကန့်ကွက်မှုများနှင့် တွေ့ကြုံခဲ့ရသည်။

ပေါ်စကိုကုမ္ပဏီသည် ကနဦးအနေဖြင့် တစ်နှစ်လျှင် မက်ထရစ်တန်ချိန် လေးသန်း ထုတ်လုပ်နိုင်စွမ်းရှိမည့် သံမဏိစက်ရုံတစ်ရုံကို ထူထောင်မည်ဖြစ်သည်။ ယင်းသံမဏိစက်ရုံကို ဆက်လက်၍တိုးချဲ့တည်ဆောက်သွားမည်ဖြစ်ကာ အနာဂတ်ကာလတွင် သံမဏိထုတ်လုပ်မှုကို တစ်နှစ်လျှင် တန်ချိန် ၁၂ သန်းအထိ မြှင့်တင်သွားမည်ဖြစ်သည်။

အင်တာနက်။

တောင်ကိုရီးယားနိုင်ငံအခြေစိုက် ပေါ်စကို သံမဏိစက်ရုံတစ်နေရာကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂျပန်နိုင်ငံ၌ သဘာဝဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးရန်ပုံငွေ ပါလီမန်အတည်ပြု

တိုကျို မေ ၂

ဂျပန်နိုင်ငံ၌ မတ် ၁၁ ရက်က မြေငလျင်လှုပ်မှုနှင့် ဆူနာမီ ရေလှိုင်းရိုက်ခတ်မှုဒဏ်တို့ကို တွေ့ကြုံခံစားခဲ့ရသောဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ယန်း ၄ ထရီလီယံ (အမေရိကန်ဒေါ်လာ ၄၉ ဘီလီယံ) အရေးပေါ်ဘတ်ဂျက်ကို မေ ၂ ရက်တွင် ပါလီမန်က အတည်ပြုပေးလိုက်သည်။

သဘာဝဘေးအန္တရာယ်ကျရောက်ရာဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ဆောင်နိုင်ရန် အရေးပေါ်ဘတ်ဂျက်ကို အောက်လွှတ်တော်က ဧပြီ ၃၀ ရက်တွင် အတည်ပြုပေးခဲ့ပြီး အထက်လွှတ်တော်ရှိ ဘတ်ဂျက်ကော်မတီက မေ ၂ ရက်တွင် တစ်ခဲနက်အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။

မြေငလျင်နှင့် ဆူနာမီရေလှိုင်းဒဏ်တို့ကြောင့် နေအိမ်များ ဆုံးရှုံးခဲ့ရသူ ပြည်သူများအတွက် အိမ်ရာသစ်များတည်ဆောက်ရာတွင် ယင်းဘတ်ဂျက်မှ ကျခံသုံးစွဲနိုင်မည်ဖြစ်သည်။

သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသော စီးပွားရေးလုပ်ငန်းများ ပြန်လည်နာလန်ထူလာစေရေးအတွက် အစိုးရက အကူအညီများပေးနိုင်မည်ဖြစ်သည်။

အင်တာနက်။

ဆူဒန်နိုင်ငံ၏တည်ငြိမ်မှုမရှိသည့် တောင်နှင့်မြောက်နယ်စပ်တွင် အရပ်သားများဖြတ်သန်းသွားလာနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆူဒန်တွင် မျိုးနွယ်စုအတွင်း မြေပိုင်ဆိုင်မှု အငြင်းပွား၍ ၁၅ ဦးသေဆုံး

ကာဒတ်လီ(ဆူဒန်) မေ ၂

ဆူဒန်နိုင်ငံ၏ ရေနံထွက်ရှိရာ တောင်ကော်ဒိုဖန်ပြည်နယ် တွင် မျိုးနွယ်စုအတွင်း မြေပိုင်ဆိုင်မှုအငြင်းပွားရာ ၁၅ ဦး သေဆုံးကြောင်း ဒေသတွင်းအကြီးအကဲနှင့် စစ်ဘက်သတင်းရပ်ကွက်က တနင်္လာနေ့တွင် ပြောကြားသည်။

မစ်ဆီရီယာမျိုးနွယ်စု၏ အုပ်စုများအကြား မြေတစ်ကွက်အပေါ် ပိုင်ဆိုင်မှုအကြောင်းပြု၍ ခိုက်ရန်ဖြစ်ပွားကြရာ ၁၅ဦး သေဆုံးပြီး ဆယ်ဦးဒဏ်ရာရရှိကြောင်း၊ အခင်းဖြစ်ပွားရာသို့ ပြည်နယ်အုပ်ချုပ်ရေးမှူးသည် မျိုးနွယ်စုအကြီးအကဲလိုက်ပါ လျက် သွားရောက်ဖျန်ဖြေသဖြင့် အခြေအနေငြိမ်သက်သွားပြီဖြစ်ကြောင်း မစ်ဆီရီယာမျိုးနွယ်စု အကြီးအကဲတစ်ဦးဖြစ်သူ အိုမာအယ်လ်အန်ဆာရီက အေအက်ဖ်ပီသို့ပြောကြားသည်။

တောင်ကော်ဒိုဖန်ပြည်နယ် အနောက်ပိုင်း ဘီလီလာရေနံမြေအနီးတွင် လှည့်လည်သွားလာနေထိုင်သူ မစ်ဆီရီယာ အာရပ်မျိုးနွယ်၏ အုပ်စုနှစ်စုအကြား လူသေဆုံးမှုများ ဖြစ်သည်အထိ အချင်းဖြစ်ပွားခဲ့ကြောင်း စစ်ဘက်သတင်းရပ်ကွက်မှ အမည်မဖော်လိုသူက အေအက်ဖ်ပီသို့ အတည်ပြုပြောကြားသည်။

လက်နက်အပြည့်အစုံတပ်ဆင်ထားသည့် မစ်ဆီရီယာတို့သည် စစ်ပွဲကာလအတွင်းက မြောက်ပိုင်းတပ်ဖွဲ့၏ အဓိကပြည်သူ့စစ်ဖြစ်ခဲ့ပြီး ပူပြင်းခြောက်သွေ့သောရာသီတွင် ၎င်းတို့မွေးမြူထားသည့် တိရစ္ဆာန်များအတွက် စားကျက်နှင့် ရေရရှိသည့်နေရာများသို့ ရွှေ့ပြောင်းနေထိုင်ကြသည်။ **အေအက်ဖ်ပီ။**

သီရိလင်္ကာတောင်ပိုင်းတွင် ရေကြီး၊ မြေပြို၍ ခုနစ်ဦးသေဆုံး

ကိုလံဘို မေ ၂

သီရိလင်္ကာနိုင်ငံတောင်ပိုင်းတွင် ရေလွှမ်းခြင်း၊ မြေပြိုခြင်းနှင့် မိုးကြိုးပစ်ခြင်းတို့ကြောင့် ခုနစ်ဦးသေဆုံးကြောင်း အစိုးရက တနင်္လာနေ့တွင်ပြောကြားသည်။

သေဆုံး

ရတနာပူရခရိုင် အနိမ့်ပိုင်းဒေသတွင် တနင်္ဂနွေနေ့က မိုးသည်းထန်စွာရွာသဖြင့် ရေကြီးခြင်း၊ မြေပြိုခြင်းတို့ဖြစ်လာခဲ့ရာ ငါးဦးသေဆုံးကြောင်း၊ နောက်နှစ်ဦးမှာ မိုးကြိုးပစ်ခံရ၍ သေဆုံးခဲ့ကြောင်း အစိုးရ၏ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဌာနက ပြောသည်။

နှစ်စဉ်ရေလွှမ်းခြင်းခံရမြဲဖြစ်သည့် ရတနာပူရတွင် ရေကြီးမှု၊ မြေပြိုမှုတို့ကြောင့် လူနေအိမ် ၂၉၄လုံးပျက်စီးခဲ့ရသည်ဟု အဆိုပါဌာနကပြောသည်။

သီရိလင်္ကာနိုင်ငံတွင် ဇန်နဝါရီလမှစ၍ ကြီးကျယ်စွာ ရေကြီးခဲ့သောကြောင့် ၄၃ ဦးသေဆုံးပြီး ရေဘေးဒုက္ခသည် တစ်သန်းကျော်ဖြစ်ခဲ့ရသည်ဟုဆိုသည်။ **အေပီ။**

ကျန်းမာရေးအတွက် ဆေးတစ်ခွက်

စိတ်ဖိစီးမှု (STRESS)

"စိတ်ထောင်းလျှင် ကိုယ်ကြေသည်" ဟု အဆိုရှိသည်။

စိတ်ဖိစီးခံရသည့်ကိစ္စမျိုးမှာ နေ့စဉ်လူနေမှုဘဝတွင် ရှောင်လွှဲ၍မရနိုင်သည့်ကိစ္စဖြစ်သည်။ စိတ်ဖိစီးမှုမဖြစ်အောင် ရှောင်ရှား၍လည်း မလွယ်။ စိတ်ဖိစီးမှုကို ရှောင်ကွင်းရန် ဘယ်ပုံဘယ်နည်း ကိုင်တွယ်စီမံလိုက်မည်ဟု ပုံသေနည်းလမ်းမရှိ။ သင်တန်းတက်ပြီး အောင်လက်မှတ်ယူထား၍လည်း မပြီးပြတ်နိုင်ပေ။ ထို့ကြောင့် ကျွမ်းကျင်သူတို့ အကြံပြုကြသော စိတ်ဖိစီးမှုတိုက်ဖျက်ရေးနည်းလမ်းနှင့် အကြံဉာဏ်များအား တင်ပြလိုက်ပါသည်-

- *စိတ်ဖိစီးခြင်းအားဖြင့် မတင်မကျဖြစ်နေသော အခြေအနေမှ ဘဝကို စိန်ခေါ်ရင်ဆိုင်ရဲသော စွန့်စားမှုလုပ်ငန်းမျိုးအထိ ဖြစ်သွားနိုင်သည်။*
- *ကိုယ့်မှာ စိတ်ကျဉ်းကျပ်နေသောအခါ၌ အာရုံပြောင်းလွှဲနိုင်သော အခြားကိစ္စတစ်ခုခုကို ဦးခေါင်းထဲထည့်နိုင်လျှင် ကောင်းသည်။*
- *ကိုယ့်အတွက် မရေမရာဖြစ်နေသော စိတ်ရှုပ်ရသည့် အခြေအနေမျိုးတွင် မိမိ၏အောင်မြင်မှု သို့မဟုတ် ဆောင်ရွက်ပြီးပြတ်မှုများကို အထက်လူကြီးနှင့် ရင်ဆိုင်တင်ပြရမည့်အခါမျိုး၌ အပြုစိတ်ထားပါ။*
- *စိတ်လွတ်ကိုယ်လွတ် ခဏတဖြုတ် အနားယူရသည့်ကိစ္စသည် စိတ်ဖိစီးမှုမှ ပြေပျောက်အောင်ပြုလုပ်သည့် အကောင်းဆုံးနည်းဖြစ်သည်။*
- *ဇက်ကြောတင်း၍ စိတ်သောကဖိစီးလာပြီဆိုလျှင် "ငါ ခုအခါ ဘယ်ကိုမှ သွားဖို့မလိုသေးဘူး"၊ "ငါ ခုအခါမှာ ဘာပြဿနာမှ ကြီးကြီးမားမား ဖြေရှင်းပေးစရာ မရှိဘူး"၊ "ခု အခါ ငါ့မှာ မလုပ်မနေရ အလုပ်မျိုး ဘာမှမရှိသေးဘူး"၊ "ခုအချိန်မှာ ငါ့စိတ်ကြိုက် သက်သက်သာသာ နေလို့ရတယ်" ဟူသော အတွေးမျိုးကို ရေရွတ်လိုက်ပါ။*
- *အလုပ်ဖြစ်မည့်စိတ်ထားသည် စိတ်ဖိစီးမှုဝင်လာသည့်အခါ ရွတ်ဆိုပွားများရန် အသုံးတည့်သည်။ "ပြဿနာရှုပ်ထွေးစရာ အကြောင်းမရှိပါဘူး" ဟူသော အတွေးကိုတွေးပြီး "ဒီအလုပ်ကို ငါနိုင်တယ်"၊ "ဒီကိစ္စကို တခြားလူတွေထက် ငါပိုသိတယ်" ဟူသော အားမာန်များဖြင့် နှုတ်က ရွတ်ဆို၍ ရင်ဆိုင်စရာကို ရင်ဆိုင်မည်ဆိုလျှင် စိတ်ဖိစီးမှုလက္ခဏာများဖြစ်သည့် အသက်ရှူမြန်ခြင်း၊ ခြေဖျားလက်ဖျား အေးခြင်းဟူသော လက္ခဏာတို့ မပေါ်ထွက်နိုင်ဘဲ ဉာဏ်အမြော်အမြင်နှင့် ယှဉ်သော တုံ့ပြန်မှုများ ဖြစ်နိုင်မည်။*
- *တစ်စုံတစ်ခုနှင့် တွေ့ကြုံရဖို့ရှိလျှင် တအောင့်တနား စိတ်ကိုပြောင်းလဲရန် ပြုလုပ်လိုက်ခြင်းဖြင့် စိတ်သက်သာသွားနိုင်သည်။*
- *မျက်စိကအဝေးရှုခင်းဆီသို့ ရောက်သွားသောအချိန်၌ လက်ငင်းပြဿနာ တစ်ခုခုနှင့်ဝေးရာသို့ ထွက်ခွာရသကဲ့သို့ဖြစ်မည်။ အဝေးသို့ လှမ်းမြင်ရသော မျက်လုံးတို့မှာလည်း ဇောမကြီးတော့သဖြင့် စိတ်သက်သာခြင်းကို ဖြစ်စေလိမ့်မည်။ ပြဿနာဖြစ်သောနေရာနှင့် ကျောခိုင်းလိုက်ပါ။*
- *ဝမ်းဗိုက်မှ အသက်ရှူခြင်းဟု အများခေါ်ကြသည့်နည်းဖြင့် ရှူဖို့ဖြစ်သည်။ ဤနည်းမှာ အစဉ်အလာအားဖြင့် စိတ်ကြောင့်ကြခြင်းနှင့် တင်းမာခြင်းကို ပြေပျောက်အောင်ပြုလုပ်ကြသော ရှေးနည်းဖြစ်သည်။ မေးကြောတင်းလာခြင်း၊ ပခုံးကြောတောင့်လာခြင်းတို့သည် စိတ်ဖိစီးမှု၏လက္ခဏာများဖြစ်သည်။ ထို့ကြောင့် ခါးကြောနှင့် ကြွက်သားများကို ဆန့်ထုတ်လိုက်လျှင် ပြေသင့်သလောက်ပြေသွားပြီး ထိုသို့လေ့ကျင့်ပါက ကျန်းမာရေး အသက်ရှည်ရေးကိုပါ အထောက်အကူပြုနိုင်သည်။*
- *လည်ကုပ်နောက်ကျောနှင့် ကျောအထက်ပိုင်းတို့ တောင့်တင်းမှုဖြစ်လာလျှင် ထိုနေရာများကို ဖိနှိပ်ပေးရန်ဖြစ်သည်။*
- *နားထင်ကိုဖိသောနည်းသည် ဓာတ်စိုက်အပ်ဖြင့် နေရာရွေး၍ အပ်စိုက်ပေးသကဲ့သို့ လက်ဖြင့်ထောက်၍ ဖိပါ။*
- *စိတ်ထဲမှာတင်းကျပ်မှုရှိတဲ့သူတွေမှာ မေးကြောတင်းပြီး အံကြိတ်ထားမိလေ့ရှိကြတယ်။ ဒါ့ကြောင့် မေးကြောကိုလျှော့ပြီး အောက်မေးကို ဘယ်ညာ တစ်ချက်စီ လှုပ်ပေးနေသင့်သည်။*
- *အသက်ရှူ၍ကောင်းစေရန် ပခုံးကိုပင့်ပြီး ရင်ကိုဖွင့်ထားပါ။ ရှူးရှဲသဘောဖြင့် ပြည့်ပြည့်ဝဝ ရှူသွင်း၊ ရှူထုတ်ပါ။*
- *ဦးခေါင်းပိုင်းမှစ၍ အကြောအခြင်တို့ကို တောင့်ထားလိုက်ပြီး စက္ကန့်ပိုင်းအတွင်း စိတ်ကလျှော့ပေးလိုက်ရမည်။ ထို့နောက် ပခုံး၊ လက်မောင်း၊ ရင်အုပ်၊ ခြေထောက်၊ ခြေဖဝါးတို့အထိ စိတ်ကတင်းလိုက်၊ ပြန်၍လျှော့ပေးလိုက် လုပ်ကြည့်ခြင်းအားဖြင့် တစ်ကိုယ်လုံး ပေါ့ပါးသွားလိမ့်မည်။*
- *၁၅မိနစ်မျှ စိတ်တည်ငြိမ်အောင် အားထုတ်ခြင်းဖြင့် တစ်နာရီ မှေးစက်ရသည်နှင့်ညီမျှသော လန်းဆန်းမှုရနိုင်သည်။*
- *စိတ်ဖိစီးမှုရှိသည့်အခါ ခြေဖျား၊ လက်ဖျားတို့ကို သွေးအရောက်နည်းတတ်သည်။ ရေနွေးဖတ်အုပ်ပေးခြင်းအားဖြင့် သွေးလှည့်ပတ်မှု ကောင်းပြီး နေသာထိုင်သာဖြစ်ကာ စိတ်ချမ်းသာဖွယ်ဖြစ်စေသည်။*
- *စိတ်ဖိစီးမှုကို ပြေပျောက်ရန်မှာ အလုပ်မှာဖြစ်စေ၊ အိမ်မှာဖြစ်စေ ကတောက်ကဆတ်ဖြစ်ပြီးနောက် ရပ်ကွက်ထဲသို့ လမ်းတစ်ပတ် ထွက်လျှောက်လိုက်လျှင် အဆင်ပြေနိုင်သည်။*
- *စိတ်ဖိစီးမှုကိုဖြေလျှော့ရန် အသံသွင်း ဟောပြောလေ့ကျင့်ခန်းများ ပါသည့်ပစ္စည်းများသည် ဖြေဆေးပင်ဖြစ်သည်။ သဘာဝအသံများဖြစ်သော လှိုင်းပုတ်သံ၊ လေပြည်တိုက်ခတ်သံ၊ သစ်ပင်လေတိုးသံ စသည်များပါသည်။ နားကြပ်ကို ဦးခေါင်းမှာစွပ်၍ အနှောင့်အယှက်မရှိ နားဆင်ပေးပါ။*
- *စိတ်လက်ပေါ့ပါးစေခြင်းအပြင် စိတ်ကူးသစ်များ ပုံ့လွင့်ပေါ်ပေါက်စေသော တေးဂီတများကိုလည်း နားဆင်နိုင်သည်။*



ကြီးအုံကြီးဝရေလှောင်တမံ ဘက်စုံစီမံကိန်း ၈၇ ရာခိုင်နှုန်းပြီးစီး

၂၀၁၁ ခုနှစ်အတွင်း ရာနှုန်းပြည့် ပြီးစီးမည်

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေတို့ ကြီးအုံကြီးဝ ရေလှောင်တမံစီမံကိန်းကို ကြည့်ရှုစစ်ဆေးကြစဉ်။ (လယ်/ဆည်)

နေပြည်တော် မေ ၂

ကြီးအုံကြီးဝရေလှောင်တမံ ဘက်စုံစီမံကိန်းသည် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ဝန်လိုကျေးရွာအနီး မုန်းချောင်းပေါ်၌တည်ရှိပြီး ပင်မတမံအလျား ပေ ၃၂၈၀၊ အမြင့် ၁၆၄ ပေရှိ ဇုန်တမံအမျိုးအစားဖြစ်သည်။ မုန်းချောင်း ရေလှောင်တမံမှ လျှပ်စစ်ဓာတ်အားအတွက် ထုတ်လွှတ်လိုက်သောရေများနှင့် တမံနှစ်ခုကြားမှ စီးဆင်းနေသောရေများကို သိုလှောင်ထားရှိကာ လျှပ်စစ်ဓာတ်အား ၇၄ မဂ္ဂါဝပ်အားထုတ်ယူပြီး ထွက်ရှိလာသောရေများကို မဲဇလီရေလွှဲဆည်မှတစ်ဆင့် စိုက်ပျိုးမြေ ဧက ၉၆၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်သည်။ ယနေ့အထိ လုပ်ငန်းများအားလုံး၏ ၈၇ ရာခိုင်နှုန်း ပြီးစီးကာ ၂၀၁၁ခုနှစ်အတွင်း လုပ်ငန်းများအားလုံး ရာနှုန်းပြည့်အကောင်အထည်ဖော် ပြီးစီးမည်ဖြစ်သည်။

အဆိုပါ ကြီးအုံကြီးဝရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းတို့သည် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်တို့နှင့်အတူ ဧပြီ ၃၀ ရက် မွန်းလွဲပိုင်းတွင် ရောက်ရှိကြပြီး စီမံကိန်းရှင်းလင်းဆောင်၌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ယခုတည်ဆောက်နေသော ကြီးအုံကြီးဝ ရေလှောင်တမံစီမံကိန်းမှာ အကြီးစား စီမံကိန်းတစ်ခုဖြစ်သည်နှင့်အညီ မိမိတို့၏ ရည်မှန်းချက်ဖြစ်သော ရေလှောင်တမံ ဘက်စုံစီမံကိန်း အောင်မြင်စွာပြီးစီးရေးအတွက် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများမှ ဝန်ထမ်းများနှင့် အချင်းချင်းနားလည်မှု၊ ညီညွတ်စည်းလုံးမှုဖြင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားကြရန်၊ ယခုကဲ့သို့ အကြီးစားစီမံကိန်းတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအား ဂုဏ်ပြုသောအားဖြင့် ကိုယ်ရေးမှတ်တမ်း၊ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းများထားရှိရန်၊ စီမံကိန်းကြီး ပြီးသွားပါကလည်း ဆည်ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းရေးလုပ်ငန်းသည် အရေးကြီးသဖြင့် ထိန်းသိမ်းရေး လုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားရန်၊ ဆည်အမျိုးအစားအလိုက် လိုအပ်သော ဖွဲ့စည်းပုံများ ရေးဆွဲဆောင်ရွက်ရန်၊ ထိန်းသိမ်းရေးဝန်ထမ်းများနှင့် မိသားစုများ၏ သက်သာချောင်ချိရေးအတွက် နှစ်ရှည်သီးနှံပင် စိုက်ပျိုးရေးလုပ်ငန်း၊ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းတို့ကို ထူထောင်ပေးရန်၊ ကမ္ဘာ့ရာသီဥတု ဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်တွက်ဆပြီး လက်တွေ့ရှင်းလင်း လွယ်ကူသော ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို စီမံလုပ်ဆောင်ထားရှိကြရန် စသည်ဖြင့် မှာကြားသည်။

မှာကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းက ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ပြီးစီးတော့မည်ဖြစ်၍ ဓာတ်အားပေးစက်ရုံ လည်ပတ်နိုင်ရေးအတွက် ဝန်ကြီးဌာနနှစ်ခုမှ ကျွမ်းကျင်ပညာရှင်ဝန်ထမ်းများ အသေးစိတ် ညှိနှိုင်းပူးပေါင်းပြီး ယခုစက်တပ်ဆင်မှုကာလမှပင် လုပ်ငန်းများကို ပူးတွဲဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းခွင်တစ်ခုဖြစ်သည့် Power House အတွင်း ရေအားလျှပ်စစ် ၇၄ မဂ္ဂါဝပ်ထုတ်ယူမည့် Generator စက်ပစ္စည်းများ တပ်ဆင်နေမှု၊ ကွန်ကရစ်လောင်းရန်ပြင်ဆင်နေမှု၊ Switch Yard များတပ်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်၍ ရှုရပ်အမြင့်မှ Power House တည်ဆောက်နေမှု၊ ပင်မတမံချောင်းပိုင်းကို စက်ယန္တရားကြီးများဖြင့် မြေသားဖို့နေမှု၊ ကျောက်စီအချောသပ်နေမှု၊ Power Intake အဆောက်အအုံပေါ်မှ စက်ယန္တရားကြီးများဖြင့် ပင်မတမံတည်ဆောက်နေမှု၊ စီးဝင်ရေသိုလှောင်ထားရှိမှုနှင့် စိုက်ပျိုးရေထုတ်တံခါးမှ နွေစပါးစိုက်ပျိုးရေးအတွက် ရေထုတ်လွှတ်နေမှုနှင့် ရေပိုလွှဲတည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်သူတို့၏ အကျိုးစီးပွားကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက် အဂတိလိုက်စားခြင်းမရှိဘဲ တည်ကြည်ဖြောင့်မတ်စွာ စစ်ဆေးဆောင်ရွက်

နေပြည်တော် မေ ၂

စာရင်းစစ်ရုံးများသည် နိုင်ငံနှင့်ပြည်သူအတွက် နစ်နာဆုံးရှုံးမှုများ၊ အလွဲသုံးစားမှုများကို စစ်ဆေးဖော်ထုတ်ပေးပြီး အစိုးရအဖွဲ့အစည်းများကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်ညီညွတ်စွာ ဆောင်ရွက်စေရန်နှင့် လမ်းမှန်ရောက်အောင် ထိန်းကျောင်းတည့်မတ်ပေးရမည် ဖြစ်ကြောင်း၊ ဤကဲ့သို့ ထိန်းကျောင်းတည့်မတ်ပေးခြင်းဖြင့် အစိုးရအဖွဲ့အစည်းများသည် အလေအလွင့် အယိုအဖိတ်မရှိအောင်၊ စည်းစနစ်ကျနစွာ လုပ်ကိုင်ဆောင်ရွက်မှုများ ဖြစ်ပေါ်လာပြီး အချိန်မီပြုပြင်ဆောင်ရွက်မှုများကြောင့် ကောင်းမွန်မှန်ကန်သည့် တိုးတက်မှုဘက်သို့ ရောက်ရှိသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စစ်ဆေးရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ပေးကြရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်စာရင်းစစ်ချုပ်အသီးသီးသည် ပြည်သူပြည်သားတို့၏ အကျိုးစီးပွားကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးပြီး အဂတိလိုက်စားခြင်းမရှိဘဲ တည်ကြည်ဖြောင့်မတ်စွာ စစ်ဆေးဆောင်ရွက်ကြရန်နှင့် ဆောင်ရန်ရှောင်ရန် ကျင့်ဝတ်များကို တိကျစွာလိုက်နာဆောင်ရွက်ကြရန်စသည်ဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင်က ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်စာရင်းစစ်ချုပ်များနှင့် ညွှန်ကြားရေးမှူးများအား တွေ့ဆုံ၍ မှာကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးနှင့်ပြည်နယ်စာရင်းစစ်ချုပ်များက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြဆွေးနွေးကြပြီး ဒုတိယစာရင်းစစ်ချုပ် ဦးမျိုးမြင့်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်က နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်စာရင်းစစ်ချုပ်များနှင့် ညွှန်ကြားရေးမှူးများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)



ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပြီးစီးသော ယုန်သလင်း-တလုတ္တော် ကျောက်ချောလမ်းအား မတ် ၂၈ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ရေဒီယိုအသံလွှင့်အစီအစဉ်များ တစ်နိုင်ငံလုံးသို့ လွှမ်းခြုံထုတ်လွှင့်ပေးလျက်ရှိ

နေပြည်တော် မေ ၂

ပြည်တွင်းပြည်ပ သတင်းအချက်အလက်များ ပြန်ကြားပေးရန်၊ ပညာပေးရန်နှင့် ဖျော်ဖြေပေးရန်အတွက် FM ရေဒီယို အသံလွှင့်အစီအစဉ်များအား ပြည်သူများ နားသောတဆင်နိုင်ရန် နယ်စပ်ဒေသ ကျေးလက်တောရွာပါမကျန် တစ်နိုင်ငံလုံးသို့ လွှမ်းခြုံထုတ်လွှင့် ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များကို အောက်ပါအတိုင်း ဖော်ပြလိုက်ရပါသည်-

(ယမန်နေ့မှအဆက်)

ပတ္တမြား FM ထုတ်လွှင့်ဆောင်ရွက်လျက်ရှိသည့်အခြေအနေ

FM ရေဒီယိုများ	ထုတ်လွှင့်သည့် ဒေသများ	ထုတ်လွှင့်ချိန်		လှိုင်းနှုန်း	ဖမ်းယူရရှိသည့်မြို့နယ်များ
		မှ	ထိ		
ပတ္တမြား FM သိန်းကျော်ကျော် Co.,Ltd.	စစ်ကိုင်း	၀၅း၀၀	၂၃း၀၀	၈၉. ၉MHz	စစ်ကိုင်းတိုင်း၊ မြင်းမူ၊ ရွှေဘို၊ အရာတော်၊ ဝက်လက်၊ မန္တလေးခရိုင်၊ ကျောက်ဆည်ခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ မိတ္ထီလာခရိုင်၊ မြင်းခြံခရိုင်
	မြစ်ကြီးနား/ ဝိုင်းမော်	၀၅း၀၀	၂၃း၀၀	၈၈. ၉MHz	မြစ်ကြီးနား၊ ဝိုင်းမော်
	မုံရွာ	၀၅း၀၀	၂၃း၀၀	၈၈. ၆MHz	မုံရွာမြို့၊ ပုလဲ၊ ယင်းမာပင်၊ ချောင်းဦး၊ မင်းတိုင်ပင်၊ ဆားလင်းကြီး
	ကန့်ဘလူ	၀၅း၀၀	၂၃း၀၀	၈၆. ၆MHz	ကန့်ဘလူနှင့် အနီးတစ်ဝိုက်
	ဗန်းမော်	၀၅း၀၀	၂၃း၀၀	၈၈. ၉MHz	ဗန်းမော်၊ မံစီ၊ မိုးမောက်
	နမ္မား	၀၅း၀၀	၂၃း၀၀	၈၈. ၉MHz	နမ္မားမြို့နယ်
	ပျဉ်းမနား	၀၅း၀၀	၂၃း၀၀	၁၀၃ MHz	နေပြည်တော်နှင့် အနီးတစ်ဝိုက်
	ကသာ	၀၅း၀၀	၂၃း၀၀	၈၈. ၆MHz	ကသာမြို့နယ်
	ပဲခူး	၀၅း၀၀	၂၃း၀၀	၉၁. ၃MHz	ပဲခူးမြို့နယ်၊ အင်းတကော်၊ သနပ်ပင်၊ ဘုရားကြီး၊ ပျဉ်ပုံကြီး၊ ပြွန်တန်ဆာ၊ ကဝ၊ ဒိုက်ဦး၊ ဥက္ကံ၊ ဇောင်းတူ
	ပုပ္ပား	၀၅း၀၀	၂၃း၀၀	၉၀. ၇MHz	မြင်းခြံ၊ နွားထိုးကြီး၊ တောင်သာ၊ မလှိုင်၊ မိတ္ထီလာ၊ ကျောက်ပန်းတောင်း၊ ညောင်ဦး၊ ပခုက္ကူ၊ ဆိပ်ဖြူ၊ ချောက်၊ စလင်း၊ ရေနံချောင်း

ချယ်ရီ FM ထုတ်လွှင့်ဆောင်ရွက်လျက်ရှိသည့်အခြေအနေ

FM ရေဒီယိုများ	ထုတ်လွှင့်သည့် ဒေသများ	ထုတ်လွှင့်ချိန်		လှိုင်းနှုန်း	ဖမ်းယူရရှိသည့်မြို့နယ်များ
		မှ	ထိ		
ချယ်ရီ FM Red Link Co.,Ltd.	တောင်ကြီး	၀၅း၀၀	၂၃း၀၀	၈၉. ၈MHz	တောင်ကြီး၊ ကလော၊ ညောင်ရွှေ၊ ဟိုပုန်း၊ ပင်းတယ၊ လွိုင်လင်၊ နမ့်စန်(တောင်)၊ ရပ်စောက်
	ကွမ်းလုံ	၀၅း၀၀	၂၃း၀၀	၈၉. ၈MHz	ကွမ်းလုံ၊ ဟိုပန်
	လောက်ကိုင်	၀၅း၀၀	၂၃း၀၀	၈၉. ၈MHz	လောက်ကိုင်မြို့၊ ချင်းရွှေဟော်
	လားရှိုး	၀၅း၀၀	၂၃း၀၀	၈၉. ၈MHz	လားရှိုးမြို့
	တာချီလိတ်	၀၅း၀၀	၂၃း၀၀	၈၉. ၈MHz	တာချီလိတ်မြို့၊ မယ်ဆိုင်
	ကျိုင်းတုံ	၀၅း၀၀	၂၃း၀၀	၈၉. ၈MHz	ကျိုင်းတုံမြို့နယ်
	လွိုင်ကော်	၀၅း၀၀	၂၃း၀၀	၈၉. ၅MHz	လွိုင်ကော်၊ ဒီမောဆို၊ ဖယ်ခုံ၊ မိုးဗြဲ၊ ငွေတောင်၊ ဖရူဆို
	ရန်ကုန်	၀၅း၀၀	၂၃း၀၀	၉၂. ၂MHz	ရန်ကုန်တိုင်းဒေသကြီး
	ပြင်ဦးလွင်	၀၅း၀၀	၂၃း၀၀	၈၉. ၈MHz	ပြင်ဦးလွင်၊ မန္တလေး
	မူဆယ်	၀၅း၀၀	၂၃း၀၀	၈၉. ၅MHz	မူဆယ်၊ နမ့်ခမ်း၊ ကြူကုတ်၊ ပန်ဆိုင်း၊ ကျယ်ဂေါင်၊ ရွှေလီ

FM Bagan ထုတ်လွှင့်ဆောင်ရွက်လျက်ရှိသည့်အခြေအနေ

FM ရေဒီယိုများ	ထုတ်လွှင့်သည့် ဒေသများ	ထုတ်လွှင့်ချိန်		လှိုင်းနှုန်း	ဖမ်းယူရရှိသည့်မြို့နယ်များ
		မှ	ထိ		
FM Bagan Htoo Trading Co.,Ltd.	မင်းဘူး	၀၇း၀၀	၁၉း၀၀	၈၉. ၈MHz	မင်းဘူး၊ မကွေး၊ မင်းလှ၊ စကု၊ ပွင့်ဖြူ၊ ရေနံချောင်း၊ ကျောင်းတော်ရာ၊ မင်းဘူးနှင့် မိုင်(၃၀)ပတ်လည်
	ဟားခါး	၀၇း၀၀	၁၉း၀၀	၈၉. ၈MHz	ထန်တလန်၊ တီးတိန်၊ ဟားခါးမြို့၊ ဖလမ်းမြို့ အနီးတစ်ဝိုက် မိုင်(၃၀)ပတ်လည်
	ပုပ္ပား	၀၇း၀၀	၁၉း၀၀	၈၈. ၃MHz	ပုဂံ၊ ညောင်ဦး၊ မြင်းခြံ၊ ပုပ္ပါး၊ ဝဲလောင် ကျောက်ပန်းတောင်း၊ မိတ္ထီလာ၊ တောင်သာ
	ဂန့်ဂေါ	၀၇း၀၀	၁၉း၀၀	၈၉. ၂MHz	ဂန့်ဂေါ၊ ကလေး၊ ကလေးဝ၊ တမူး

ဖြန့်ဝေပေး

မြို့လူထု သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ရေသယ်ယာဉ်ရှစ်စီးဖြင့် ဘန့်ဘွေးကုန်းဆည်မှရေကို သယ်ယူ၍ ရပ်ကွက်အတွင်းသို့ စနစ်တကျ ဖြန့်ဝေပေးလျက်ရှိစဉ်။

(မြို့နယ်စည်ပင်)

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

နိုင်ငံတကာ ရုပ်ရှင်အနုပညာရပ်ဝန်း | အောဝမ်းစိုး

Rock of Ages ဇာတ်ကားတွင် ဘရိုင်ယန်ကရန်စတွန် ပါဝင်သရုပ်ဆောင်မည်

ဘရိုင်ယန်ကရန်စတွန်။

ဒါရိုက်တာ အဒမ်ရှန်ခ်မင်းရိုက်ကူးမည့် Rock of Ages ဇာတ်ကားတွင် Breaking Bad ဇာတ်ကား၌ ပါဝင်ခဲ့ပြီး Emmy ဆုသုံးကြိမ်ရရှိခဲ့သည့် မင်းသားကြီး ဘရိုင်ယန်ကရန်စတွန် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း စနေနေ့တွင် ထုတ်ပြန်ကြေညာသည်။

အဆိုပါဇာတ်ကား၌ မင်းသားကြီး ဘရိုင်ယန်ကရန်စတွန်နှင့် အခြားနာမည်ကြီး သရုပ်ဆောင်များဖြစ်သည့် ဒီယေဂို ဂွန်ဇာလက်ဘိုနက်တာ၊ တွမ်ခရုစ်၊ အဲလ်လက် ဘော်ဒွင်၊ မာရီဂျေ ဘလစ်ဂ်၊ ပေါလ်ဂီယာမာတီ၊ ဂျူလီယံဟုဂ်နှင့် ကက်သရင်း ဇီတာဂျုံးတို့ ပါဝင်ကြမည်ဖြစ်သည်။

အင်တာနက်။

အမေရိကန်နိုင်ငံ၏ အရောင်းရဆုံးဇာတ်ကားစာရင်းတွင် ဟယ်ရီပေါ်တာဇာတ်ကား ထိပ်ဆုံးမှရပ်တည်



***ဟယ်ရီပေါ်တာဇာတ်ကားပိုစတာ** (အပေါ်ပုံ) **နှင့် ဟယ်ရီပေါ်တာ မင်းသမီး အီမာဝတ်ဆမ်။** (ယာပုံ)*

လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း အမေရိကန်နိုင်ငံ ဒီဗွီဒီဈေးကွက် အရောင်းရဆုံး ဇာတ်ကားများစာရင်းတွင် Harry Potter and the Deathly Hallows: Part I ဇာတ်ကားက ထိပ်ဆုံးမှ ရပ်တည်လျက်ရှိကြောင်း သိရသည်။

နံပါတ်(၂)နေရာတွင် The King's Speech၊ နံပါတ်(၃) နေရာတွင် Tangled၊ နံပါတ်(၄)နေရာတွင် Bambi နှင့် နံပါတ်(၅) နေရာတွင် Tron: Legacy ဇာတ်ကားတို့ ဖြစ်ကြသည်။

ယင်းနောက်တွင် နံပါတ်(၆)နေရာ၌ Gulliver's Travels၊ နံပါတ်(၇)နေရာတွင် Sharpay's Fabulous Adventure ဇာတ်ကား၊ နံပါတ်(၈)နေရာတွင် The Chronicles of Narnia: The Voyage of the Dawn Treader ဇာတ်ကား၊ နံပါတ်(၉)နေရာတွင် Yogi Bear ဇာတ်ကားနှင့် နံပါတ်(၁၀) နေရာတွင် Little Fockers ဇာတ်ကားတို့က အသီးသီးရပ်တည်လျက်ရှိသည်။

အင်တာနက်။

ရော့ခ်ဂီတပဒေသာကပွဲ ပေကျင်းငှက်သိုက်အားကစားကွင်း၌ ကျင်းပ

တရုတ်နိုင်ငံ၏ နာမည်ကြီး ထိပ်တန်း Rock Records တေးဂီတအဖွဲ့တည်ထောင်မှု နှစ် (၃၀) ပြည့် နှစ်ပတ်လည် အထိမ်းအမှတ် အခမ်းအနားအဖြစ် ရော့ခ်ဂီတတေးသံရှင်များ၏ စုပေါင်းပဒေသာကပွဲကို တရုတ်နိုင်ငံ ပေကျင်းမြို့တော် ငှက်သိုက် အားကစားကွင်း၌ ကျင်းပခဲ့သည်။

တတိယအကြိမ်ကျင်းပ

အဆိုပါတေးဂီတအဖွဲ့ကို ၁၉၈၀ ခုနှစ်က တရုတ်(တိုင်ပေ)ညီနောင်နှစ်ဦး ဖြစ်သည့် ဆမ်နှင့်ဂျော်နီဒူယမ်တို့ တည်ထောင်ခဲ့ပြီး တရုတ်နိုင်ငံ၏ ထိပ်တန်း စာရင်းဝင် တေးဂီတအဖွဲ့တစ်ခု ဖြစ်လာခဲ့သည်။ နှစ်(၃၀)ပြည့် နှစ်ပတ်လည် ဂီတပဒေသာကပွဲကို လွန်ခဲ့သည့် နိုဝင်ဘာလက နှစ်ကြိမ်ကျင်းပခဲ့ပြီး ရော့ခ် ဂီတပညာရှင်များ၏ ထပ်မံတောင်းဆိုမှုကြောင့် တနင်္ဂနွေနေ့က တရုတ်နိုင်ငံ၏ မြို့တော်ပေကျင်းတွင် တတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်။

ဟောင်ကောင်တေးသံရှင် ကာရင်မောက်။

တရုတ်နိုင်ငံ၏ ၂၀၀၈ ပေကျင်း အိုလံပစ်ပွဲတော် ဖွင့်ပွဲအခမ်းအနားနှင့် ပိတ်ပွဲအခမ်းအနားများ ကျင်းပခဲ့ရာ ပေကျင်းငှက်သိုက်အားကစားကွင်း၌ ကျင်းပခဲ့သည့် ရော့ခ်ဂီတပဒေသာကပွဲသို့ ရော့ခ်ဂီတတေးသံရှင်များဖြစ်သည့် ဝူဘိုင်း၊ ချောင်ချန်းယီနှင့် ဘာရှင်းတို့ တက်ရောက်ခဲ့ကြသည်။ ထို့ပြင် အဆိုပါဂီတပဒေသာကပွဲသို့ အဆိုတော် ချန်ရီချင်း၊ ကေးဟွိုင်း၊ ဝင်းနီးစင်၊ တာစီစု ဟောင်ကောင်တေးသံရှင် ကာရင်မောက်နှင့် မလေးရှား အဆိုတော်ဗစ်တာဝမ်တို့လည်း တက်ရောက် ဖျော်ဖြေခဲ့ကြသည်။

အင်တာနက်။

အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အထူးပြုဘာသာရပ်များ ဟောပြောမည်

နေပြည်တော် မေ ၂

ကျောင်းသား၊ ကျောင်းသူများ အဆင့်မြင့်ပညာများ သင်ယူပြီးမြောက်ပြီးနောက် အလုပ်အကိုင်ရှာဖွေရာတွင် အထောက်အကူပြုစေမည့် ဘာသာရပ်ဆိုင်ရာရွေးချယ်သင်ယူမှုများကို နိုင်ငံအသီးသီးရှိ တက္ကသိုလ်များတွင် သွားရောက်လေ့လာသင်ယူလာကြရာ၌ အလုပ်အကိုင်နှင့်သက်ဆိုင်သည့် ဘာသာရပ်မှန်ကန်ရန်အတွက် ကြိုတင်ပြင်ဆင်လေ့လာမှုများ ပြုလုပ်ကြသည်ကို တွေ့ရသည်။

ကြိုတင်လေ့လာသင့်သော ဘာသာရပ်များတွင် MBA ဘွဲ့များ၊ စီးပွားရေးနှင့် စီမံခန့်ခွဲမှုနယ်ပယ် ဘက်စုံသုံးသပ်ရေး၊ လူ့အရင်းအမြစ်စီမံခန့်ခွဲမှုတွင် လက်တွေ့ရင်ဆိုင်နေရသော ပြဿနာများ၊ ခေတ်နှင့်လျော်ညီသော ခေါင်းဆောင်မှုစွမ်းရည်များကို လေ့လာနိုင်သည့်ဘာသာရပ်များ၊ ဇီဝဗေဒနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို စီးပွားရေးနှင့် တွဲဖက်သင်ယူနိုင်သော ဘာသာရပ်၊ IT ဘာသာရပ်များ၊ ဆရာဝန်ဘွဲ့ရများနှင့် စိတ်ပညာကို စိတ်ဝင်စားသော ကျောင်းသားများအတွက် ပါရဂူဘွဲ့ရသည်အထိ သင်ယူနိုင်သော စိတ်ပညာဘာသာရပ်များသည် အသက်မွေးဝမ်းကျောင်းအတွက် အထောက်အကူပြုသော ဘာသာရပ်များဖြစ်သည်။

ဘာသာရပ်များကို လေ့လာလိုသူများသည် ဂျိမ်းကွတ် တက္ကသိုလ်နှင့် CROWN Education တို့မှ မေ ၇ ရက်(စနေနေ့) နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ ရန်ကုန်မြို့ ပတ်ရှိုင်ရယ်ဟိုတယ်တွင်ပြုလုပ်မည့် ဆွေးနွေးဟောပြောပွဲတွင် ထိုဘာသာရပ်များကို တက်ရောက်လေ့လာနိုင်ကြောင်း သိရှိရသည်။ ဟောပြောပွဲနေ့တွင် IELTS / TOEFL ရမှတ်မရှိသေးသူများအတွက် JCU ဝင်ခွင့်စာမေးပွဲ အခမဲ့စစ်ဆေးပေးခြင်း၊ ရရှိထားသည့် ABE, IDCS, IADCS နှင့် နိုင်ငံတကာလက်မှတ် ကိုင်ဆောင်ထားသူများအတွက် ဘာသာရပ်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် လက်တော့ပ်တစ်လုံးရရှိခွင့်တို့ပါ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ ဟောပြောပွဲနှင့်ပတ်သက်၍ CROWN Education အခန်း ၂၂၈/၂၂၉ ဆန်းမစ်ပတ်ခ်ဗျူးဟိုတယ် ဖုန်း-၂၁၁၈၈၈ (လိုင်းခွဲ-၂၂၈-၂၂၉)နှင့် ၀၉-၇၃၂၇၃၂၇၇ သို့ ဆက်သွယ်နိုင်ကြောင်း သိရှိသည်။

(ကြေးမုံ)

မိခင်ကလေးကျန်းမာရေး ဆောင်ရွက်မှုလုပ်ငန်းများတွင် သိသာထင်ရှားသည့် တိုးတက်မှုများရှိ မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ အသင်းဝင်များပူးပေါင်းဆောင်ရွက်မှုဖြင့် အကျိုးရှိသောရလဒ်များရရှိခဲ့

နေပြည်တော် မေ ၂

လွန်ခဲ့သည့် ၂၀ နှစ်ကာလကို ပြန်ပြောင်းသုံးသပ်ကြည့်မည်ဆိုလျှင် ထောင်စုနှစ်ရည်မှန်းချက်ပန်းတိုင် (၄)နှင့် (၅)၏ အခြေခံဖြစ်သည့် မိခင်ကလေးကျန်းမာရေး ဆောင်ရွက်မှုလုပ်ငန်းများတွင် သိသာထင်ရှားသည့် တိုးတက်မှုများရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မိသားစုအားလုံးအတွက် ကျန်းမာရေးကဏ္ဍတွင် မရှိမဖြစ်လိုအပ်သည့် မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီး၏ အနယ်နယ်အရပ်ရပ်တွင် ရှိကြသော အသင်းဝင်များ၏ ပူးပေါင်းဆောင်ရွက်မှုအင်အားဖြင့် ယခုကဲ့သို့ အကျိုးရှိသောရလဒ်များရရှိနိုင်ခဲ့ကြောင်းဖြင့် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ခရိုင် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို)အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၂၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲအခမ်းအနား၌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ပြောကြားခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များ၏ လှုပ်ရှားမှု မှတ်တမ်းပြခန်းကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုံးခင်၊ နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုး၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်နီလာသော်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်ဝေဝေသာနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယကများ၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းလုံးရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်ပေါင်း ၁၁ သန်းကျော်က စေတနာ၊ မေတ္တာကိုအရင်းခံ၍ မိခင်နှင့်ကလေးများ၊ မိသားစုများအားလုံးကို ဘက်စုံဖွံ့ဖြိုးတိုးတက်မှုရရှိစေပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရာတွင် စွမ်းစွမ်းတမံ အကျိုးပြုစေနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်အောင် စွမ်းဆောင်ပေးလျက် ရှိကြသည်ကို အားလုံးသိကြပြီးဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို ကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း၊ ဤကဲ့သို့ အခါသမယတွင် အစဉ်အလာ ကြီးမားခဲ့သည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအနေဖြင့် မိမိတို့၏ ရည်မှန်းချက် အနှစ်သာရများ ပိုမိုထိရောက်စွာဖြင့် ပြည်သူတစ်ရပ်လုံးနှင့်အတူ အမျိုးသားရေးအသိ အမျိုးသားရေးအမြင်ဖြင့် ဆက်လက်၍ အားမာန်အပြည့်အဝဖြင့် ဆောင်ရွက်ကြမည်ကိုလည်း မျှော်လင့်ယုံကြည်ပါသည်ဟု ဖော်ပြလိုကြောင်း။

အသင်းကြီး၏ လုပ်ငန်းများဆိုင်ရာ စနစ်တကျရှိသော လေးလပတ်အစီရင်ခံစာ၊ နှစ်ချုပ် အစီရင်ခံစာများနှင့် သုတေသနစာတမ်းများ၊ အရည်အသွေးတို့သည်လည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုမြင့်မားလာသကဲ့သို့ ပြည်သူ့အကျိုးပြု စံနမူနာကောင်းများအဖြစ် ဆက်လက်ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း၊ သုတေသနစာတမ်းပြုစုသည့် အကြောင်းအရာများ အနေဖြင့်လည်း ပြည်သူများ၏ဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် လေးလေးနက်နက် စဉ်းစားတွေးခေါ် လုပ်ဆောင်ထားကြသည်ကိုလည်း အားတက်ဖွယ် ဝမ်းမြောက်မိကြောင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဆင့်ဆင့်မှ အသင်းဝင်များအနေဖြင့် အသင်းကြီး၏ အဓိကလုပ်ငန်းများဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံတကာ ဆက်ဆံရေးလုပ်ငန်းများတွင် ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသော အသိပညာ၊ အတတ်ပညာများကို လေ့လာဆည်းပူး၍ ကိုယ်တိုင်ကျင့် တစ်ဆင့်ပွားကာ မြို့ပြကျေးလက် အနှံ့ ပြည်သူများ၏ဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ကြရန်ကိုလည်း တိုက်တွန်းအပ်ပါကြောင်းဖြင့်လည်း ပြောကြားခဲ့သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ပြသထားသော မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို) နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များ၏ လှုပ်ရှားမှု မှတ်တမ်းပြခန်းကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအနေဖြင့် ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် လူနေမှုအဆင့်အတန်း တိုးမြှင့်နိုင်ရေး တာဝန်ရှိအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်

နေပြည်တော် မေ ၂

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများတွင် အရေးပါသည့်လုပ်ငန်းတစ်ရပ်ဖြစ်သော မိခင်နှင့်ကလေးများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး မြှင့်တင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးနေသည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီး၏ ဆောင်ရွက်ချက်များသည် နိုင်ငံအတွက် စိတ်ပိုင်းဆိုင်ရာရော၊ ရုပ်ပိုင်းဆိုင်ရာတွင်ပါ ကျန်းမာသန်စွမ်းသည့် မိခင်နှင့်ကလေးများ ကျန်းမာရေးအတွက် အရေးပါသော အထောက်အပံ့ကောင်းများဖြစ်ကြောင်းဖြင့် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ခရိုင် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို)အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၂၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၌ သဘာပတိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာသော်က ပြောကြားသည်။

ထို့ပြင် ရပ်ရွာကျေးလက်များအထိပါ အခြေချနိုင်ခဲ့ပြီး နိုင်ငံတော်တစ်ဝန်းလုံး စည်းရုံးလှုပ်ရှားနိုင်သော စွမ်းအားကြီးမားထက်မြက်သည့် အဖွဲ့အစည်းကြီးတစ်ရပ်အဖြစ် ဝင့်ဝင့်ထည်ထည် ရပ်တည်နေပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ အနှစ် ၂၀ တာ ကာလအတွင်း အသင်းခွဲပေါင်း ၂၁၈၅ သင်းဖွဲ့စည်းထားနိုင်ခဲ့ပြီး ရာသက်ပန် အသင်းသား ၄ ဒသမ ၆ သန်းကျော်၊ သာမန်အသင်းသား ၈ ဒသမ ၃ သန်းကျော် အသင်းဝင်စုစုပေါင်း ၁၃ သန်းခန့်အထိ ခိုင်ခိုင်မာမာဖြစ်ထွန်းနေသည်ကို တွေ့ရကြောင်း။

၂၀၁၀ ခုနှစ်အတွင်း အသင်းပိုင်သားဖွားခန်း ခြောက်ခုနှင့် ရမည်းသင်း မိခင်ရင်သွေး ကျန်းမာရေးရိပ်မြုံကို တိုးမြှင့် ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ယနေ့အထိ အသင်းပိုင်သားဖွားခန်း ၁၃၁ ခုနှင့် မိခင်ရင်သွေးကျန်းမာရေး ရိပ်မြုံ ၁၁ ခုတို့ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုအောက်တွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအနေဖြင့် ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် လူနေမှုအဆင့်အတန်း တိုးမြှင့်နိုင်ရေးတို့အတွက် ဆိုင်ရာဆိုင်ရာ ကဏ္ဍများအလိုက် တာဝန်ရှိ အဖွဲ့အစည်းများနှင့် စနစ်တကျ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ထပ်လောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအတွင်းရေးမှူး ဒေါ်သဇင်နွယ်က ၂၀၁၀ ခုနှစ် လုပ်ငန်းအစီရင်ခံစာ၊ အကျိုးဆောင်စာရင်းစစ် ဒေါ်သန်းဝင်းက ၂၀၁၀-၂၀၁၁ ခုနှစ် ဘဏ္ဍာရေးနှစ်၏ စာရင်းစစ်အစီရင်ခံစာနှင့် ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်က ၂၀၁၀-၂၀၁၁ ခုနှစ် ဘဏ္ဍာရေးနှစ် ငွေစာရင်းရှင်းတမ်းနှင့် ၂၀၁၁-၂၀၁၂ ရသုံးမှန်းခြေစာရင်းတို့ကို ဖတ်ကြားတင်သွင်းကြရာ သဘာပတိက အတည်ပြုချက်ရယူ အတည်ပြုပေးသည်။

ဆက်လက်၍ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များက ၂၀၁၀ ခုနှစ် နှစ်ချုပ်အစီရင်ခံစာများကို ဖတ်ကြားတင်သွင်းကြသည်။

ထို့နောက် အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဝေဝေသာက ဆောင်ရွက်ပြီး ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များက ၂၀၁၀ ခုနှစ် နှစ်ချုပ်အစီရင်ခံစာများကို ဖတ်ကြားတင်သွင်းကြပြီး အစည်းအဝေးပထမနေ့ အစီအစဉ်ကို ရပ်နားလိုက်သည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၂၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို မေ ၄ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာသော် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၂၁) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မော်တော်ဆိုင်ကယ်စီးနင်းသူများသို့ သတိပေးကြေညာချက်

၁။ နေပြည်တော်နယ်မြေအတွင်း ယာဉ်မတော်တဆမှုများတွင် မော်တော်ဆိုင်ကယ် အသုံးပြုသူများသည် သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှု အများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။

၂။ ထိုသို့ဖြစ်ပွားရခြင်းမှာ မော်တော်ဆိုင်ကယ်စီးရေ တိုးတက်များပြားလာသည့်အပြင် စီးနင်းမောင်းနှင်သူတချို့သည် ဆိုင်ကယ်စီးသင်တန်း တက်ရောက်ထားခြင်းမရှိသည့်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ပြည့်ပြည့်စုံစုံ မသိရှိခြင်း၊ ဆိုင်ကယ်စီးမကျွမ်းကျင်ခြင်း၊ ဆိုင်ကယ်စီးဦးထုပ်ကို စနစ်တကျမဆောင်းခြင်း၊ နှစ်ဦးထက်ပိုမိုစီးနင်းခြင်း၊ အရှိန်ပြင်းမောင်းနှင်ခြင်း၊ မဆင်မခြင်မောင်းနှင်ခြင်းတို့ကြောင့် ဖြစ်ကြောင်း သိရှိရပါသည်။

၃။ မော်တော်ဆိုင်ကယ် စီးနင်းမောင်းနှင်သူများအား နေပြည်တော်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ဆိုင်ကယ်စီးသင်တန်းများပေးပြီး ဆိုင်ကယ်မောင်းနှင်ခွင့်လိုင်စင်များ ထုတ်ပေးလျက်ရှိပါသည်။

၄။ ယခုအခါ မော်တော်ဆိုင်ကယ်စီးသင်တန်းအား ပိတ်ရက်မရှိ ဖွင့်လှစ်ပေးလျက်ရှိရာ မော်တော်ဆိုင်ကယ် စီးနင်းမောင်းနှင်လိုသူများသည် သင်တန်းတက်ရောက်ပြီး ဆိုင်ကယ်စီးနင်းမောင်းနှင်ခွင့်လိုင်စင်များ ပြုလုပ်ကိုင်ဆောင်ထားကြရမည်ဖြစ်ပါသည်။

၅။ မော်တော်ဆိုင်ကယ်စီးနင်းမောင်းနှင်သူများအား ၁၀-၆-၂၀၁၁ ရက်နေ့ နောက်ပိုင်းတွင် ယာဉ်မောင်းလိုင်စင်မရှိဘဲ စီးနင်းမောင်းနှင်ခြင်းကို စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

☆ နေပြည်တော်မှ

နေပြည်တော်၌ အာဆီယံဆိုင်ရာနှင့် အခြားနိုင်ငံတကာအစည်းအဝေးများ ကျင်းပခြင်း၊ ကျောက်မျက်ရောင်းချပွဲများ ပြုလုပ်ခြင်းနှင့် နောင်မကြာမီကာလများတွင် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများ (SEA GAMES)၊ အာဆီယံထိပ်သီး အစည်းအဝေးများ ကျင်းပရန်ရှိရာ နေပြည်တော်သို့ နိုင်ငံတကာခရီးသွားများ ပိုမိုဝင်ရောက်ပြီး နောင်တိုးတက်ဖြစ်ထွန်းလာမည့် အခြေအနေများကို မျှော်မှန်း၍ နေပြည်တော်တွင် အပြည်ပြည်ဆိုင်ရာ လေဆိပ်တစ်ခုကို ၂၀၀၉ ခုနှစ် ဧပြီလတွင် စတင်ပန္နက်တင်၍ တည်ဆောက်ခဲ့သည်။

တည်ဆောက်ရေးကာလကို လပေါင်း၃၀(နှစ်နှစ်ခွဲ) သတ်မှတ်ထားသည်။ နေပြည်တော်၏ တောင်ဘက် ၁၀ မိုင်ခန့်အကွာ ဧရိယာ ၅၅၆၉ ဧက ပေါ်တွင် လေယာဉ်ပြေးလမ်း အရှည်ပေ ၁၂၀၀၀၊ အကျယ်ပေ ၂၀၀ ကို အခြေခံ၍ တစ်ချိန်တည်းတွင် လေယာဉ် ၁၀ စင်း ဆိုက်ကပ်ထွက်ခွာနိုင်ပြီး တစ်နေ့လျှင် ခရီးသည် ၉၀၀၀ ဝင်ထွက်နိုင်ကာ တစ်နှစ်လျှင် ခရီးသည် ၃ ဒသမ ၅သန်း ဝင်ထွက်နိုင်မည်ဖြစ်သည်။ ခန့်မှန်းတန်ဖိုး အမေရိကန်ဒေါ်လာသန်း ၃၇၀ ကုန်ကျမည်ဖြစ်ပြီး လေဆိပ်တည်ဆောက်ရေးလုပ်ငန်းများ ၂၀၁၂ ခုနှစ် နှစ်ဆန်းပိုင်းတွင် အကြမ်းထည်ပြီးစီးမည်ဖြစ်သည်။

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်သည် ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်နိုင်ထွန်းတို့ လိုက်ပါလျက် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးစီမံကိန်းကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ယူတည်ဆောက်လျက်ရှိသည့် Pioneer Aerodrome Services Co., Ltd. မန်နေဂျင်းဒါရိုက်တာက လေဆိပ်တည်ဆောက်ပြီးစီးမှုလုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လေဆိပ်တည်ဆောက်ရခြင်း၏ အဓိကရည်ရွယ်ချက်၊ နောင်တွင် ဖြစ်ပေါ်လာမည့် လေကြောင်းပို့ဆောင်ရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးက အဆင့်မြင့်နည်းပညာများ အသုံးပြုထားသော ခေတ်မီ နိုင်ငံတကာလေဆိပ်များ ပိုင်ဆိုင်ခြင်း၊ ခေတ်မီလေယာဉ်များကို အသုံးပြု၍ လေကြောင်းလိုင်းများတည်ထောင်ပြီး ပြည်တွင်းနှင့် နိုင်ငံတကာခရီးစဉ်များ ပျံသန်းပြေးဆွဲနိုင်ခြင်းတို့သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံ၏ ကြန်အင်လက္ခဏာများပင်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ နည်းပညာဖွံ့ဖြိုးတိုးတက်ခြင်း၊ လူသားအရင်းအမြစ်၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် ကျွမ်းကျင်မှုမြင့်မားခြင်း (Intellectual & Skills)၊ စီမံခန့်ခွဲမှုကောင်းမွန်ခြင်း၊ နိုင်ငံတကာအတွေးအမြင် နှင့် ဗဟုသုတပြည့်စုံခြင်း (International Outlook And Knowledge) များကို တိုင်းတာရာတွင် ၎င်းနိုင်ငံ၏ ခေတ်မီ လေဆိပ်ကြီး များနှင့် လေကြောင်းလိုင်းများ ပိုင်ဆိုင်မှုဖြင့် တိုင်းတာအကဲဖြတ်လျက်ရှိကြောင်း၊ ယခုတည်ဆောက်လျက်ရှိသော လေဆိပ်ကြီးပြီးစီးပါက နိုင်ငံတကာလေကြောင်းလိုင်းများ နေပြည်တော်သို့ အဆင်ပြေချောမွေ့စွာ အချိန်မီ ဆင်းသက်နိုင်မည် ဖြစ်သည့်အတွက် နိုင်ငံတော်၏ ဂုဏ်ကျက်သရေလည်း များစွာ မြင့်မားလာမည်ဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများကို လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ် ကင်းရှင်းရန် ICAO က သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးမြင့်မားအောင် တည်ဆောက်သွားရန်နှင့် နှောင့်နှေးမှုမရှိဘဲ သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားရန် ညွှန်ကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကုန်ထုတ်နိုင်မှုစွမ်းအား သတ်မှတ်စံချိန်ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက် စွန့်ပစ်ပစ္စည်းများမှ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိအောင် စီမံ

နေပြည်တော် မေ ၂

နိုင်ငံတော်အတွက် အဓိကကျသော စိုက်ပျိုးရေးလုပ်ငန်းကို အထောက်အကူပြု ဖြည့်ဆည်းပေးရန် ရည်ရွယ်ချက်ဖြင့် ဓာတ်မြေဩဇာထုတ်လုပ်သည့် လုပ်ငန်းများအား ဆောင်ရွက်လျက်ရှိသော စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းသည် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တွင် အမှတ်(၄)ဓာတ်မြေဩဇာစက်ရုံ (မြောင်းတကာ)နှင့် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးဒေါင့်မြို့နယ်တွင် အမှတ်(၅) ဓာတ်မြေဩဇာစက်ရုံ (ပုသိမ်)တို့ကို မကြာမီက တည်ဆောက်ပြီးစီး ဖွင့်လှစ်နိုင်ခဲ့သဖြင့် ယခုအခါ စက်များလည်ပတ်ကာ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။

ထိုသို့ ကုန်ထုတ်လုပ်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးရန် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးသည် ဧပြီ ၃၀ ရက်တွင် အမှတ်(၄)ဓာတ်မြေဩဇာစက်ရုံ(မြောင်းတကာ)သို့ ရောက်ရှိပြီး စက်ရုံ၏ ကုန်ထုတ်နိုင်မှုစွမ်းအား သတ်မှတ်စံချိန်ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ရန်၊ စီးပွားရေးတွက်ခြေကိုက်ရန်အတွက် ကုန်ကြမ်းသုံးစွဲမှုနှင့် ကုန်ချောထုတ်လုပ်မှု အချိုးအစား မှန်ကန်ညီမျှစေရန်၊ ဓာတုဗေဒနည်းစဉ်အပေါ် အခြေခံ ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သောကြောင့် စက်ရုံ၏ စွန့်ပစ်ပစ္စည်းများမှ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု မရှိအောင် စနစ်တကျစီမံဆောင်ရွက်သွားကြရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို အလေးထား လိုက်နာဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(?)စစ်၊ စွမ်းအင်၊ စက်မှုနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်စိုးနှင့်အတူ ရန်ကုန်မြို့မှ ညောင်တုန်းရေနံမြေသို့ သွားရောက်၍ ကားလမ်းတစ်လျှောက်ရှိ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး အမှတ်(၄) ဓာတ်မြေဩဇာစက်ရုံ(မြောင်းတကာ)၌ ဓာတ်မြေဩဇာထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၉) သင်တန်းဖွင့်ပွဲအခမ်းအနား ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ကျင်းပ

နေပြည်တော် မေ ၂

တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၉) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး တက်ရောက် အဖွင့်အမှာစကား ပြောကြားပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ - အဖွဲ့ဝင် ဒေါက်တာကျော်ကျော်ဌေး၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ထွန်းဦးနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ကောလိပ်များမှ သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမ စုစုပေါင်း ၂၉၆ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၉) သင်တန်းဖွင့်ပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (ပညာရေး)

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

ရေတာရှည် ကျောက်မဆင် သစ်တောကြိုးဝိုင်း၌ ငှက်ပျောခင်း ဝင်စားသည့်ဆင်က ခြံရှင်ကို အစွယ်ဖြင့် ထိုးသတ်

ရေတာရှည် မေ ၂

ငှက်ပျောခင်းကို ဝင်စားသည့် ဆင်အား အခင်းပိုင်ရှင်က ဝါးတုတ်ဖြင့် ခြောက်လှန့်မောင်းနှင်ရာဆင်က ပြန်လည်ရန်ပြုပြီး အစွယ်ဖြင့်ထိုးသတ်သဖြင့် သေဆုံးခဲ့ရသော ဖြစ်ရပ်တစ်ခု ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျောက်မဆင် သစ်တောကြိုးဝိုင်းနယ်မြေ၌ ဧပြီ ၂၉ ရက် နံနက် ၆ နာရီခွဲတွင် ဖြစ်ပွားခဲ့သည်။

ကျောက်မဆင် နွေရာသီဆင်ကျောင်းစခန်း၊ ချောင်းမကြီးအုပ်စု ချောင်းမကြီးကျေးရွာ အရှေ့ဘက် သာဂရ-ကိုးပင် ရိုးမဖြတ်ကျော်လမ်း အရှေ့တောင်ဘက်ရှိ ကိုင်းတောရိုးလယ်ကြား တောင်ကြောပေါ်ရှိ ငှက်ပျောစိုက်ခင်းကို တောင်ငူ(မြောက်)သစ်လုပ်ငန်းပိုင် ဆင်ထီးရှိန်စံအောင် (၁၆) နှစ်(ထီး၊ စုံ ၆၃၇၃)မှ ဝင်ရောက်စားသောက်စဉ် အခင်းရှင် ကိုဖိုးကျား (၄၂) နှစ် ချောင်းမကြီးရွာနေသူက ဝါးတုတ်ဖြင့် ဆင်ကို အနီးကပ်ခြောက်လှန့်မောင်းထုတ်ခဲ့သည်။

ကိုဖိုးကျားမှာ ဆင်ထီးရှိန်စံအောင် ငါးနှစ်သားအရွယ်က ထိန်းကျောင်းခဲ့သော ဆင်ဦးစီးဖြစ်ကြောင်းလည်း သိရသည်။ မုန်အနည်းငယ်ဝင်နေသော ဆင်က ရုတ်တရက် နောက်ပြန်လှည့်လာပြီး ကိုဖိုးကျားကို အစွယ်ဖြင့် ထိုးသတ်စဉ် ယောက်ဖတော်သူ ကိုထိန်လင်းက အော်ဟစ်သတိပေး၍ ကိုထိန်လင်း၏ နောက်ကို ဆင်က ဆက်လိုက်ခဲ့သည်။ ကိုထိန်လင်းက တောင်ကြောအတိုင်း ဆင်းပြေးပြီး ထယ်ထိုးရင်း ရပ်နားထားသည့် ကျွဲတစ်ရှဉ်းကို ဖြုတ်၍ ဆင်လာရာဘက်ကို ဦးတည်ပြီး နောက်မှ ကျွဲနှစ်ကောင်ကို တုတ်ဖြင့် ရိုက်လိုက်သဖြင့် ကျွဲနှစ်ကောင်က ဆင်လာရာဘက်သို့ ပြေးသွားစဉ် ဆင်မှာ နောက်ကြောင်းပြန်လှည့်ပြေးသွား၍သာ အသက်ချမ်းသာရာရခဲ့ကြောင်း သိရသည်။

အဆိုပါ အမှုဖြစ်စဉ်ကို ဆွာရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ်(၂/၂၀၁၁) ဖြင့် အရေးယူဆောင်ရွက်၍ စခန်းမှူး ရဲအုပ်သောင်းစံက ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၅-၂၀၁၁ (အင်္ဂါနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ဆရာတော်အရှင်နန္ဒဝံသ ဟောကြားတော်မူသော" တရားတော်
- ၆း၄၀ ထုထည်ကြီးမားထင်ရှားဇေကန်ဓမ္မရံ
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၉၂)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၅၀)**
- ၈း၄၅ Legendary Journey Live at Singapore (Part-1)
- ၉း၄၀ Cartoon Show Time (The Dolphin Story of a dreamer)
- ၁၀း၂၅ မြတ်သောအလှူကုသိုလ်ယူ ရတနာမွန်ကျောင်းဆောင်ကြီးနှင့် ပဗ္ဗဇ္ဇအလှူ
- ၁၀း၄၀ Celebrity Style (ဝါဆိုမိုးဦး)
- ၁၁း၀၀ သင်ကြားရေးလမ်းညွှန် (LCCI ဦးအောင်နိုင်စာရင်းကိုင်သင်တန်း)
- ၁၁း၂၀ Activities in The City (အခြေခံပညာကာယပညာဆရာ၊ ဆရာမများ၏ သက်ကြီးပူဇော်ပွဲ))
- ၁၁း၃၅ New V.ROHTO မျက်ကြည် မျက်စဉ်းဆေးရောင်းအား အကောင်းဆုံးကိုယ်စားလှယ်ကြီးများအား ဂုဏ်ပြုပွဲအခမ်းအနား
- ၁၁း၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၁၅ အက်စစ်မိုး-Acid Rain (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသန်းထွဋ်)
- ၁၂း၄၅ ထာဝရရှင်သန်ဖူးပွင့်နေမည့် သာသနာ့ဉယျာဉ်
- ၁း၀၀ "ဆရာတော်အရှင်နန္ဒဝံသ ဟောကြားတော်မူသော" တရားတော်
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ DUALTECH ၏ကမ္ဘာ့အမှတ် အများဆုံးစွမ်းဆောင်မှု
- ၂း၅၀ အနာဂတ်အတွက်လမ်းပြမီးအိမ်
- ၃း၀၅ ရန်ကုန်မြင်ကွင်းကျယ် (Yangon Expo 2011 ပြပွဲမှ Naing Group အရောင်းပြခန်း)
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၉၂)**
- ၄း၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၅၀)**
- ၅း၀၀ NIBBAN ၏ လှုပ်ရှားမှုပုံရိပ်များ
- ၅း၁၀ ရန်ကုန်မြင်ကွင်းကျယ် (Spectrum International School ဖွင့်ပွဲ)
- ၅း၂၅ စာအုပ်ပြခန်း (ရှက်ရှက်မှာဖြစ်သောကင်ဆာ အပါအဝင်အခြားကင်ဆာရောဂါ ဆောင်းပါးများစာအုပ်ရေးသားသူ ဒေါက်တာစိုးလွင်နှင့်တွေ့ဆုံမေးမြန်းခြင်း) (အပိုင်း-၁)
- ၅း၅၀ "မိုးဇက်"ဒိနေ့နဲ့မနက်ဖြန်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၉၃)**
- ၇း၁၀ Legendary Journey Live at Singapore (Part-2)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ Celebrity Choice (ဉက္ကာဦးသာ၊ ရှင်ဖုန်း)
- ၉း၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၅၁)**
- ၁၀း၁၅ အနုပညာမိုးကောင်းကင်
- ၁၀း၃၅ ဖန်သားရုပ်မြင်စာဆိုသဘင် (စာရေးဆရာမ-မစန္ဒာ) (စာပေနှင့်ရသ)
- ၁၁း၀၅ MRTV-4 ကျန်းမာရေးကဏ္ဍ (အရေပြားနှင့်ပတ်သက်သော ရောဂါများအကြောင်း)
- ၁၁း၃၅ လောကရဲ့အလှရတနာ (ရဲအောင်၊ သူထူးစံ၊ မေသဥ္ဇာဦး၊ ပွင့်နဒီမောင်၊ ချစ်စနိုးဦး၊ မေကဗျာ)
- ၁၁း၅၀ World of Knowledge (Engineering Connection; Millau Sky Bridge)
- ၁၂း၄၀ သဘာဝကပေးသော လက်ဆောင်များ
- ၁၂း၄၅ လှုပ်ရှားစုံစုံမြန်မာ့သုခမဇာတ်ခုံ (ဖိုးချစ်) (အပိုင်း-၁)
- ၁း၁၀ ရွှေတိုင်းမြို့မှဂုဏ်တင့်စေရာ ကြိမ်လက်မှုအနုပညာ
- ၁း၂၅ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာဂျိုကာနှင့်တွေ့ဆုံခြင်း)
- ၁း၄၅ မှိုအသားမျှင်တစ်သျှူးမျိုးပွားနည်း
- ၂း၀၀ Shooting Location (ကီလီ-၆)
- ၂း၂၅ မြန်မာစာသုံးဖို့ မြန်မာယူနီကုဒ် ပရိုဂရမ်များ
- ၂း၄၅ စွမ်းအင်တို့ရဲ့နှီးစက် (ကခုန်ခြင်းနှင့်အားကစား)
- ၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၀ နှယဉ်ဆန်းထွင်ပန်းအလှဆင် (လခြမ်းပုံသဏ္ဌာန် ပန်းအိုးထိုးနည်း)
- ၄း၂၅ ပြင်ဦးလွင်သို့အလည်တစ်ခေါက်
- ၄း၃၅ ပညာရာမမိုးကုတ်ဝိပဿနာ ကျောင်းတိုက်၏တစ်သက်စာ ဝိပဿနာ
- ၅း၀၀ အစီအစဉ်ပြီး။

❖ လာနီညာဖြစ်စဉ်မှ

နေရာဒေသပျံ့ပျံ့နှံ့နှံ့လည်း ရှိပါတယ်။ တချို့မြို့ကြီးတွေမှာ မှတ်သားဖွယ်ရာ မိုးရေချိန်မှတ်တမ်းရရှိသည်အထိ ရွာသွန်းခဲ့တာတွေ့ရပါတယ်။ ယခု မိုးရွာသွန်းမှု အခြေအနေနှင့် မကြာခင်ကျရောက်တော့မည့် မုတ်သုံရာသီ ဆက်စပ်နိုင်ပုံကို သိပါရစေ။

ဦးချစ်ကျော်။ ။ မေ ၁ ရက်ထိ မုတ်သုံရာသီ အစပျိုး ဖြစ်ပေါ်မှုအခြေအနေကို မတွေ့ရှိရသေးပါဘူး။ ဒါပေမယ့် အခုရွာနေတဲ့မိုးကတော့ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းက တောင်ဘက်ကို တိုက်ခတ်နေတဲ့ ရေခိုးရေငွေ့ပါတဲ့ လေနွေးတွေနဲ့ အာရှတိုက်မြောက်ပိုင်းမှ တောင်ဘက်ပိုင်းကိုဆင်းလာတဲ့ လေအေးစိုင်ကြီးတို့ ဆုံမိကြပြီး ယင်းဆုံမိတဲ့ နေရာကစပြီး အင်မတန်ကြီးမားရှည်လျားတဲ့ တိမ်တိုက်တန်းကြီးတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ ဓာတ်ပုံမှာ တွေ့နိုင်ပါတယ်။ ဧပြီ ၂၂ ရက်လောက်က စဖြစ်တာပါ။ ဒီတိမ်တိုက်တန်းကြီးဟာ မိမိတို့ မြန်မာနိုင်ငံကနေအရှေ့ဖျား ကိုရီးယားနှင့် ဂျပန်နိုင်ငံလောက်အထိကို ရစ်ဖွဲ့အုံ့ဆိုင်းနေတာပါ။ အဲ့ဒီတိမ်တိုက်ကြီးပေါ်ကို လေအေးစီးကြောင်းတွေ ထိတွေ့သက်ရောက်တိုင်း ငွေ့ရည်ဖွဲ့မှုကို မထိန်းနိုင်ဘဲမိုးရွာချနေတာပါ။

ကြေးမုံ။ ။ မတ်လအတွင်းကဖြစ်ပေါ်ခဲ့တဲ့ ရာသီဥတုအခြေအနေနဲ့ ယခုလမှာ ဖြစ်နေတဲ့ အခြေအနေတို့ဟာ ပုံမှန်မဟုတ်ဘဲ လာနီညာ အကျိုးသက်ရောက်မှုလို့ ဆိုနိုင်ပါသလား။

ဒေါက်တာ ဟာရင်နိုင်တီယမ်း။ ။ လာနီညာဖြစ်စဉ်က ၂၀၁၀ ခုနှစ်နှောင်းပိုင်းမှာ ဖြစ်ခဲ့တာပါ။ အင်အားအသင့်အတင့် ရှိပါတယ်။ ပင်လယ်သမုဒ္ဒရာရေအေးစီးကြောင်းဖြစ်တဲ့အတွက် စွတ်စိုအေးမြတဲ့ အခြေအနေသက်ရောက်ပါတယ်။ ၂၀၀၉ ခုနှစ်တုန်းက အင်အားကောင်းတဲ့ အယ်နီညိုဖြစ်ပေါ်ခဲ့ပြီး ၂၀၁၀ မှာ လာနီညာဖြစ်စဉ်ဖြစ်ပေါ်တာပါ။ မြန်မာနိုင်ငံရဲ့ တည်နေရာအနေအထားဟာ အယ်နီညိုဖြစ်စေ၊ လာနီညာဖြစ်စေ အစပြုဖြစ်ပေါ်ချိန်နဲ့ အပြင်းထန်ဆုံးအခြေအနေမှာ သက်ရောက်မှုမရှိပါဘူး။ ယင်းဖြစ်စဉ်များ ဖြစ်ပွားပြီး နှစ်လခန့်ကြာမှ သက်ရောက်မှုစတင်ပါတယ်။ ဒါ့ကြောင့် ၂၀၀၉ ခုနှစ် နှောင်းပိုင်းမှာ ဖြစ်ခဲ့တဲ့ အယ်နီညိုကြောင့် မြန်မာနိုင်ငံရဲ့ ၂၀၁၀ နွေရာသီမှာ အပူချိန်မြင့်မားခဲ့ပါတယ်။

ယခုနှစ် အင်အားအသင့်အတင့်ရှိ လာနီညာသက်ရောက်မှုကြောင့် တစ်နိုင်ငံလုံး၏ မတ်လနေ့အပူချိန်များသည် အခြားနှစ်များနှင့် နှိုင်းစာလျှင် လျော့နည်းခဲ့တာ တွေ့ရပြီး ညအပူချိန်များကတော့ သိသိသာသာလျော့ကျခဲ့ပါတယ်။ မိမိတို့ဌာနအနေဖြင့်လည်း နေ့စဉ် မိုးလေဝသခန့်မှန်းချက်များ ထုတ်ပြန်ရာတွင် အပူချိန်လျော့ကျနိုင်မည့် ဒေသများကို ခန့်မှန်းထုတ်ပြန်ပေးခဲ့ပါတယ်။ မြန်မာနိုင်ငံအနေဖြင့် လာနီညာ အကျိုးဆက်ကို ဇွန်လအထိ ခံစားရဖွယ်ရှိပါတယ်။

ကြေးမုံ။ ။ ယခုနှစ် မတ်လနှင့် ဧပြီလအထိ ရာသီဥတုဖြစ်စဉ်များကို လာနီညာ အကျိုးသက်ရောက်မှု သို့မဟုတ် ကမ္ဘာအနှံ့ပြောဆိုနေကြတဲ့ ရာသီဖြစ်စဉ်ပြောင်းလဲမှု (Climate Change) လို့ ဆိုနိုင်မလား။

ဦးချစ်ကျော်။ ။ ဆိုနိုင်ပါတယ်။ ဆိုနိုင်လောက်အောင် သိသာထင်ရှားတဲ့ သာဓကနှစ်ခု တွေ့ရပါတယ်။ မတ်လနှင့် ဧပြီလအတွင်းတွေမှာ မြန်မာနိုင်ငံအတွင်းရှိ နေရာဒေသအချို့တွင် အချိန်အခါမဟုတ် မိုးရွာလေ့ရွာထရှိပါတယ်။ နွေရာသီရွာသော မိုးများ၏ သဘာဝအရ မိုးရွာသွန်းမှုရပ်စဲပြီးလျှင် အပူချိန်ကျဆင်းသွားလေ့မရှိပါဘူး။ ပိုပြီးတောင် အိုက်တတ်ပါသေးတယ်။ ယခုနှစ် မတ်လအတွင်း ရွာသွန်းခဲ့သည့်မိုးကတော့မိုးရွာ သွန်းပြီးနောက်မှာ အပူချိန် သိသိသာသာလျော့ကျသွားပြီး ဆောင်းရာသီကဲ့သို့ ခံစားခဲ့ကြရပါတယ်။ ဒါပထမတစ်ချက်ပါ။

> **မိုးဦးကာလ၌ ဘင်္ဂလားပင်လယ်အော်အတွင်း လေဖိအားနည်းရပ်ဝန်း သုံးကြိမ်ခန့် ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်မှာ ပိုမိုအားကောင်းလာကာ မုန်တိုင်းအဖြစ်ရောက်နိုင်တဲ့ အခြေအနေရှိကြောင်း ခန့်မှန်းထားပါတယ်။ ဤဌာနအနေဖြင့် မိုးလေဝသဖြစ်စဉ် ထူးခြားချက်များကို ပြည်သူများသိရှိရန် မီဒီယာပေါင်းစုံမှ ထုတ်လွှင့်ဖော်ပြလျက်ရှိ။**

ဒုတိယတစ်ချက်က ရှမ်းပြည်နယ်အရှေ့ပိုင်းမှာ မတ်လအတွင်းက ငလျင်ကြီးတစ်ခု လှုပ်ခတ်မှုအပြီး သဘာဝဘေးဒုက္ခသည်များကို လှူသုံးပစ္စည်းများ လှူဒါန်းကြသည့် အဖွဲ့အစည်းများက မိမိတို့ထံ ဖုန်းဆက်ပြီး ယင်းဒေသ၌ ညအပူချိန်များကျဆင်းပြီး အအေးပိုနေသောကြောင့် နောက်ထပ်ဘယ်လောက်အေးနေဦးမည်လဲဟု ဆက်သွယ်စုံစမ်းခဲ့ပါတယ်။ အကြောင်းကတော့ ၎င်းတို့ လှူဒါန်းသည့် ပစ္စည်းများထဲတွင် အနွေးထည်များ မပါ၍ လှူဒါန်းရန် လိုအပ်၊ မလိုအပ် ရာသီဥတု အခြေအနေဆက်သွယ်မေးမြန်းခဲ့ပါတယ်။ မိမိအနေဖြင့် နောက်ထပ် အအေးနှစ်ပတ်ခန့် ပိုနိုင်သေး၍ အနွေးထည်များလှူဒါန်းရန် တိုက်တွန်းခဲ့ပါတယ်။ သာမန်အားဖြင့်တော့ မတ်လဟာ ကျိုင်းတုံဒေသမှာလည်း နွေရာသီပါပဲ။ အနွေးထည်လိုအပ်လောက်တဲ့ အပူချိန်မရှိပါဘူး။ ဒီနှစ်မှာထူးထူးခြားခြားအပူချိန်ကျဆင်းနေခဲ့တာပါ။ ဒါအဓိကနှစ်ချက်ပါ။ လာနီညာကြောင့် ရာသီအပြောင်းအလဲဖြစ်ပါတယ်။ အင်အားသည့်ထက်ပိုကြီးမားတဲ့ အယ်နီညို (သို့မဟုတ်) လာနီညာဖြစ်စဉ်များဟာ ပိုမိုကြီးမားတဲ့ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို ဖြစ်ပေါ်စေနိုင်ပါတယ်။

နောက်ထူးခြားချက်တစ်ခုက အာရှတိုက်မြောက်ပိုင်းမှ လေအေးများဟာ ယခုလို ဧပြီလမှာ တောင်ဘက်ခြမ်းသို့ တိုက်ခတ်လာတာမျိုးဟာ ထူးခြားမှုတစ်ခုပါ။ ဒါဟာ ရာသီပြောင်းလဲနေတာကို ရည်ညွှန်းပါတယ်။

ကြေးမုံ။ ။ နောက်ဆုံးအနေနဲ့ လာမယ့်မုတ်သုံရာသီအပေါ်မှာရော လာနီညာသက်ရောက်မှု ရှိ၊ မရှိ အခုရွာသွန်းနေတဲ့ မိုးအခြေအနေနဲ့ မုတ်သုံရာသီဆက်စပ်မှုကို သိလိုပါတယ်။

ဦးချစ်ကျော်။ ။ ပထမဆုံးခုရွာနေတဲ့မိုးက ဒီနေ့မေ ၁ ရက်ဆိုတော့ နောက် ၄၈ နာရီအတွင်းမှာ အုံ့ဆိုင်းနေတဲ့ တိမ်တိုက်ကြီးပြိုပျက်ပြီး ရွာသွန်းမှုရပ်စဲနိုင်တယ်လို့ ခန့်မှန်းထားပါတယ်။ နောက်တစ်ချက်က ဒေသတွင်းရှိ မိုးလေဝသဌာနအချို့က လာမယ့် တစ်ရက်နှစ်ရက်အတွင်းမှာ ဘင်္ဂလားပင်လယ်အော်အတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်လာနိုင်တယ်လို့ ခန့်မှန်းချက်တွေထုတ်ပြန်ထားတာလည်းတွေ့ရပါတယ်။ ကျွန်တော်တို့ဌာနအနေနဲ့လည်း စောင့်ကြည့်နေပါတယ်။ ခုချိန်ထိတော့ လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်မှု မတွေ့ရသေးပါဘူး။ တကယ်လို့ဖြစ်ခဲ့ရင် အချိန်နဲ့တစ်ပြေးညီ သတင်းထုတ်ပြန်မှာပါ။

ခန့်မှန်းထားတဲ့အတိုင်း လေဖိအားနည်းရပ်ဝန်းဖြစ်၊ အဲဒီကမှ မုန်တိုင်းဖြစ်မယ်ဆိုရင် အချိန်သုံးရက်မှလေးရက်ထိကြာနိုင်ပြီး မုန်တိုင်းအလွန်မှာ မုတ်သုံရာသီဖြစ်ပေါ်မှု စတင်နိုင်ပါတယ်။

ဌာနအနေနဲ့ ဧပြီ ၂၈ ရက်နေ့ကပင် ၂၀၁၁ ခုနှစ် မိုးရာသီအတွက် ယေဘုယျခန့်မှန်းချက်ထုတ်ပြန်ခဲ့ပြီဖြစ်ပါတယ်။ ဒီနှစ်မုတ်သုံရာသီဟာ ဇွန်လပထမပတ်အတွင်း နိုင်ငံတစ်ဝန်းလုံးလွှမ်းခြုံဝင်ရောက်သွားမယ်လို့ ခန့်မှန်းထားပါတယ်။ အသေးစိတ်ဆိုရင်တော့ မေလ ဒုတိယ ၁၀ ရက်ပတ်မှာ မြန်မာနိုင်ငံတောင်ပိုင်း၊ တတိယ ၁၀ ရက်ပတ်မှာ မြစ်ဝကျွန်းပေါ်ဒေသများနဲ့ ဇွန်လ ပထမ ၁၀ ရက်ပတ်မှာ မြန်မာနိုင်ငံအလယ်ပိုင်းနဲ့ တောင်ပိုင်းဒေသများကို မုတ်သုံလေဝင်ရောက်နိုင်မယ်လို့ ခန့်မှန်းထားပါတယ်။ လာနီညာရဲ့အကျိုးသက်ရောက်မှုဟာလည်း ဇွန်လအတွင်းရှိနေမှာဖြစ်ပြီး ယင်းကြောင့် မုတ်သုံရာသီ ဝင်ရောက်မှုကာလကို ထိခိုက်နိုင်ဖွယ်မရှိဟု ပြောနိုင်ပါတယ်။

ဒေါက်တာ ဟာရင်နိုင်တီယမ်း။ ။ မိုးဦးကာလအတွင်း မြစ်ရေအခြေအနေနဲ့ပတ်သက်လို့ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်း၊ ဒုဋ္ဌဝတီ၊ ရွှေကျင်၊ ပဲခူးနှင့် ငဝန်မြစ်ကမ်းတစ်လျှောက်ရှိမြို့များ၌ မြစ်ရေများလက်ရှိရေမှတ်ထက် မြင့်တက်လာနိုင်သော်လည်း စိုးရိမ်ရေမှတ်များရောက်နိုင်ဖွယ်မရှိပါဘူး။

အထူးသတိပြုပြောချင်သည်မှာ မိုးဦးကာလ၌ ဘင်္ဂလားပင်လယ်အော်အတွင်း လေဖိအားနည်းရပ်ဝန်းသုံးကြိမ်ခန့်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်မှာ ပိုမိုအားကောင်းလာကာ မုန်တိုင်းအဖြစ်ရောက်နိုင်တဲ့ အခြေအနေရှိကြောင်း ခန့်မှန်းထားပါတယ်။ ဤဌာနအနေဖြင့် မိုးလေဝသဖြစ်စဉ်ထူးခြားချက်များကို ပြည်သူများသိရှိရန် မီဒီယာပေါင်းစုံမှ ထုတ်လွှင့်ဖော်ပြလျက်ရှိပါတယ်။ ပြည်သူများအနေဖြင့်လည်း ယင်းထုတ်ပြန်ချက်များကို ဖတ်ရှုနားထောင် ကြည့်ရှုကြပြီး ဆောင်ရန်၊ ရှောင်ရန်များကို သတိပြုလိုက်နာဆောင်ရွက်စေလိုကြောင်း နှီးဆော်ရင်း နိဂုံးချုပ်ပါတယ်။ ။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ ဟာရင်နိုင်တီယမ်းနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးချစ်ကျော်တို့ ကြေးမုံသတင်းအဖွဲ့အား ရှင်းပြစဉ်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃-၅-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅	၂။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇း၂၅	၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀	၄။ နံနက်ခင်းသတင်း
၇း၄၀	၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၀	၇။ နှောင်းခေတ်တေးပဒေသာ
၈း၁၀	၈။ "နင်းကြည့်စမ်းပါ"
၈း၂၀	၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၃၀	၁၀။ အတီးပြိုင်ပွဲ
၈း၄၀	၁၁။ International News
၈း၄၅	၁၂။ တေးဂီတအစီအစဉ်
၉း၀၀	၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။ တေးဂီတအစီအစဉ်
၄း၂၀	၃။ အကပြိုင်ပွဲ
၄း၃၀	၄။ ကြေးမုံရိပ်သွင်တေးနှုယည်
၄း၄၀	၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ- ပထမနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
၅း၀၀	၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၀	၇။ ရုပ်မြင်ရသတေးစုကဏ္ဍ
၅း၁၅	၈။ "နှောင်းနောင်တ"
၅း၄၅	၉။ ရင်မှာစွဲထင်တေးအလှုသံစဉ်
၆း၀၀	၁၀။ ညနေခင်းသတင်း
၆း၁၅	၁၁။ မိုးလေဝသအခြေအနေ
၆း၂၀	၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၃၀	၁၃။ ဆိုလိုက်ကြစို့
၇း၀၀	၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေ့မေတ္တာ" (ဒုတိယတွဲ) (အပိုင်း-၂၈)**
၈း၀၀	၁၅။ ပြည်တွင်းသတင်း
	၁၆။ နိုင်ငံတကာသတင်းများ
	၁၇။ မိုးလေဝသအခြေအနေ
	၁၈။ ရယ်စရာဟာသများ
	၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပျော်ရွှင်စရာအိပ်မက်ကမ္ဘာ" (အပိုင်း-၂၅)**
	၂၀။ အစီအစဉ်ပြီး၏။

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

မန်ယူကို အနိုင်ယူမည်ဟု ဂျွန်တယ်ရီပြောကြား



မန်ယူကို အနိုင်ယူသွားမည်ဟု ကြုံးဝါးလိုက်သည့် ချယ်လ်ဆီး နောက်ခံကစားသမား ဂျွန်တယ်ရီ။

လန်ဒန် မေ ၂

လက်ရှိ အမှတ်ပေးဇယား ဒုတိယနေရာတွင် ရပ်တည်နေသည့် ချယ်လ်ဆီးအသင်း၏ အသင်းခေါင်းဆောင် ဂျွန်တယ်ရီက အိုးထရက်ဖို့ဒ်တွင် မန်ယူကိုအနိုင်ကစား၍အမှတ်ပေးဇယား ပထမနေရာကို ရယူသွားမည်ဟုပြောကြားလိုက်သည်။

ပွဲစဉ်(၃၅)အပြီးတွင် အမှတ်ပေးဇယားထိပ်မှ မန်ယူသည် ဒုတိယနေရာမှ ချယ်လ်ဆီးနှင့် သုံးမှတ်သာကွာပြီး ဂိုးကွာခြားချက်တူညီနေသည်။ ပြီးခဲ့သည့် မတ်လဆန်းပိုင်းက ချယ်လ်ဆီးကို ၁၅ မှတ်အထိ ဖြတ်ထားနိုင်ခဲ့ရာမှ ယခုကဲ့သို့ သုံးမှတ်အကွာသို့ ရောက်ရှိခဲ့ခြင်းမှာ မန်ယူအတွက် နစ်နာလှသလို ချယ်လ်ဆီးကစားသမားများ၏ စိတ်ဓာတ်နှင့် စွမ်းဆောင်ရည်ကိုလည်း ချီးကျူးရမည်ဖြစ်သည်။

ဂျွန်တယ်ရီက အာဆင်နယ်က မန်ယူကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည့်ပွဲတွင် မိနစ် ၉၀ လုံး အာဆင်နယ်ပရိသတ် လုပ်ခဲ့ကြောင်း၊ ထိုပွဲအဖြေက မိမိတို့အတွက် ဖလားရရှိရေး အကောင်းဆုံးအခွင့်အလမ်းတစ်ရပ်ဖြစ်ခဲ့ကြောင်း၊ အိုးထရက်ဖို့ဒ်တွင် ဆုံတွေ့ရမည့်ပွဲမှာ နှစ်သင်းလုံးအတွက် အရေးကြီးကြောင်း၊ ပထမအကျော့က စတမ်းဖို့ဒ်ဘရက်ချ်တွင် မန်ယူကို အနိုင်ယူခဲ့သကဲ့သို့ ယခုဒုတိယအကျော့ အိုးထရက်ဖို့ဒ်တွင်လည်း မိမိတို့အသင်း ဆက်လက် အနိုင်ရအောင် အစွမ်းကုန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

လာမည့် မေ ၈ ရက်(တနင်္ဂနွေနေ့)တွင် အိုးထရက်ဖို့ဒ်၌ ပရီမီယာလိဂ်ပွဲစဉ် (၃၆) အဖြစ် မန်ယူနှင့်ချယ်လ်ဆီးတို့ ကစားရမည့်ပွဲမှာ ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲဖြစ်လာနိုင်သည်။ အမ်းမရိတ်တွင် မန်ယူကို အနိုင်ယူထားသည့် အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးကမူ ယခုနှစ် ပရီမီယာလိဂ်ချန်ပီယံဆုကို မန်ယူကသာ ဆွတ်ခူးသွားမည်ဟု ဟောကိန်းထုတ်ထားသည်။ ***အင်တာနက်။***

ဟန်သစ်

ဂါရတ်ဘေးလ်နှင့် မော့ဒရစ်တို့ကို ရောင်းမည်မဟုတ်ဟု စပါးနည်းပြ ဟယ်ရီရက်နက်ပ် ထုတ်ဖော်ပြောကြား

အသင်းရှိကစားသမားများကို ဆက်ထိန်းထားလိုသည့် စပါးနည်းပြ ဟယ်ရီရက်နက်ပ်။

လန်ဒန် မေ ၂

စပါးအသင်း၏နည်းပြ ဟယ်ရီရက်နက်ပ်က အသင်း၏ကွင်းလယ်ကစားသမားများဖြစ်သည့် ဂါရတ်ဘေးလ်နှင့် မော့ဒရစ်တို့ကို လုံးဝရောင်းချမည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ယခုနှစ် ဘောလုံးရာသီတွင် စပါးအသင်း၏ ကွင်းလယ်၌ ခြေစွမ်းပြနေသည့် မော့ဒရစ်ကို မန်ယူအသင်းက ခေါ်ယူရန် အဓိကပစ်မှတ်ထားနေသကဲ့သို့ ဘယ်တောင်ပံတွင် ခြေစွမ်းပြနေသည့် ဝေလသားလေး ဂါရတ်ဘေးလ်ကို ချယ်လ်ဆီးကခေါ်ယူရန် ကြံရွယ်နေကြသည်။ ထိုသတင်းများ ထွက်ပေါ်လာအပြီးတွင် နည်းပြရက်နက်ပ်က မိမိ၏ ကစားသမားများကို ရောင်းချလိမ့်မည်မဟုတ်ဟု ပြောဆိုလာခဲ့ခြင်းဖြစ်သည်။

"စပါးအသင်း ချန်ပီယံလိဂ်ဝင်ခွင့်မရရင် ဂါရတ်ဘေးလ်နဲ့ မော့ဒရစ်တို့ကို လက်လွှတ်ရတော့မယ်လို့ လူတွေကပြောကြပါတယ်။ အဲဒီအပြောကို ကျွန်တော်အမုန်းဆုံးပါ။ ဒီကစားသမားနှစ်ဦးဟာ စပါးအသင်းရဲ့အနာဂတ်တွေဖြစ်တာကြောင့် လုံးဝရောင်းချမှာမဟုတ်ပါဘူး" ဟု စပါးအသင်းနည်းပြရက်နက်ပ်က Daily Mirror သို့ ပြောကြားသွားသည်။ သို့သော်ရက်နက်ပ်အနေဖြင့် အဆိုပါ ကစားသမားနှစ်ဦးကို ဆက်လက်ထိန်းထားနိုင်မည်လားဆိုသည်ကိုဖြင့် စောင့်ကြည့်ရဦးမည်ဖြစ်သည်။ ***အင်တာနက်။***

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မေ ၂

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲကို မေ ၁၆ ရက်မှ ၂၂ ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲတွင် ပါဝင်မည့် ပြိုင်ပွဲအမျိုးအစားများမှာ အလွတ်တန်းပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲများ သက်တမ်းအလိုက်ပြိုင်ပွဲတွင် အသက် (၁၀) နှစ်၊ (၁၂)နှစ်၊ (၁၄)နှစ်၊ (၁၆)နှစ်နှင့် (၁၈)နှစ်အောက် မျိုးဆက်သစ်လူငယ် အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲများနှင့် အသင်းလိုက်ပြိုင်ပွဲများ ပါဝင်ကြမည်ဖြစ်သည်။

အသင်းလိုက်ပြိုင်ပွဲတွင် ပါဝင်ကြမည့် တင်းနစ်အသင်းများ၌ ပြည်နယ်နှင့်တိုင်း အဆင့်ကစားသမားများနှစ်ဦးတည်းသာ ပါဝင်ခွင့်ရှိပြီး အသက်(၄၅)နှစ်အထက် မြန်မာလက်ရွေးစင်ကစားသမားဖြစ်ဖူးသူ အမျိုးသား တံခွန်စိုက်ပြိုင်ပွဲနှင့် မြန်မာပြည်တံခွန်စိုက် တစ်ဦးချင်းသို့မဟုတ် နှစ်ယောက်တွဲများတွင် ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့သူများမှ တစ်ဦးတည်းသာ ပါဝင်ခွင့်ရှိသည်။ အသက်(၄၅)နှစ်အထက် မြန်မာ့လက်ရွေးစင် တစ်ဦးမပါသော အသင်းများသည် အသက်(၄၅) နှစ်အထက် ပြည်နယ်နှင့်တိုင်းလက်ရွေးစင်တစ်ဦး ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပြီး အသက် (၆၀)အထက်ဖြစ်ပါက ပြိုင်ပွဲဝင်ဦးရေ အကန့်အသတ်မရှိ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုထားသည်။

ယင်းပြိုင်ပွဲအားလုံးသို့ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ လာရောက်ယှဉ်ပြိုင်ကြသူများအတွက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်မှ နေထိုင်ရေးကို ဆောင်ရွက်ပေးမည်ဖြစ်သည်။

ပြိုင်ပွဲနှင့်ပတ်သက်၍ သိရှိလိုပါက မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဖုန်း-၃၇၂၃၆၀၊ ၃၈၁၉၉၁၊ ၉၉၂ (လိုင်းခွဲ-၀)နှင့် ဆက်သွယ်၍ မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

(3-5)10.pmd 1 5/3/2011, 2:33 AM

○ **ကျောဖုံးမှ**

မကွေးတိုင်းဒေသကြီး (ချောက်မြို့နှင့် မကွေးမြို့)၊ ကချင်ပြည်နယ်(ပူတာအိုမြို့)၊ ချင်းပြည်နယ်(ဟားခါးမြို့)နှင့် ရခိုင်ပြည်နယ်(စစ်တွေမြို့)တို့၌ ရွာသွန်းခဲ့သည့် မိုးရေချိန်များသည် ရွာသွန်းမြဲကို မပြည့်မီဘဲ ရွာသွန်းမြဲအောက် လျော့နည်းနေခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း (ကသာမြို့နှင့် ကလေးဝမြို့)၊ မန္တလေးတိုင်းဒေသကြီး (မိုးကုတ်မြို့နှင့် ညောင်ဦးမြို့)နှင့် ကချင်ပြည်နယ်(ဗန်းမော်မြို့နှင့် မြစ်ကြီးနားမြို့)တို့တွင် ရွာသွန်းခဲ့သော မိုးရေချိန်များသည် ရွာသွန်းမြဲကို ပြည့်မီအောင်ရွာသွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းခဲ့သော မိုးရေချိန်များသည် ရွာသွန်းမြဲကို ကျော်လွန်အောင် ရွာသွန်းခဲ့သည်။

ဧပြီလအတွင်း ဖြစ်ပေါ်ခဲ့သော နေ့အပူချိန်များမှာ ဧပြီလအတွင်း တစ်ပြည်လုံး၌ ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

မိုးရာသီကာလအတွက် ယေဘုယျခန့်မှန်းချက်နှင့် မိုးဦးကာလအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်များအနေဖြင့် မိုးရာသီကာလအတွက် ယေဘုယျခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် ၂၀၁၁ ခုနှစ် ဇွန်လ ပထမ ၁၀ ရက်ပတ်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဝင်ရောက်ဖွယ်ရှိပြီး ၂၀၁၁ ခုနှစ် အောက်တိုဘာလ ပထမ ၁၀ ရက်ပတ်တွင် မြန်မာနိုင်ငံတစ်ဝန်းမှ ပြန်လည်ဆုတ်ခွာသွားဖွယ်ရာရှိသည်။

မိုးဦးကာလသတ်မှတ်ချက်မှာ မိုးဦးကာလသည် ၂၀၁၁ ခုနှစ်၊ အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံအတွင်းသို့ စတင်ဝင်ရောက်သည့်ရက်မှ ဇွန်လကုန်အထိ ဖြစ်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။ မိုးဦးကာလအတွင်း ဘင်္ဂလားပင်လယ်အော်အတွင်း လေဖိအားနည်းရပ်ဝန်း သုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိလာနိုင်သည်။ မိုးရွာသွန်းနိုင်မှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့၌ ရွာသွန်းမြဲအောက်လျော့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် ရွာနိုင်သည်။

မိုးဦးကာလမြစ်ရေအခြေအနေမှာ မိုးဦးကာလဖြစ်သော မေလနှင့် ဇွန်လတို့တွင် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်၊ ဒုဋ္ဌဝတီမြစ်၊ ရွှေကျင်မြစ်၊ ပဲခူးမြစ်နှင့် ငဝန်မြစ်တစ်လျှောက်ရှိ မြို့များတွင် မြစ်ရေများသည် လက်ရှိရေအမှတ်များ၏အထက် မြင့်တက်လာနိုင်သော်လည်း ယင်းမြို့များ၏စိုးရိမ်ရေမှတ် အသီးသီးသို့ ရောက်ဖွယ်ရာမရှိဟု ခန့်မှန်းထားသည်။

မေလအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်များမှာ မေလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိလာနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် မေလ ဒုတိယ ၁၀ ရက်ပတ်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများနှင့် မေလ တတိယ ၁၀ ရက်ပတ်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများသို့ အသီးသီး ဝင်ရောက်ဖွယ်ရာရှိသည်။

မိုးအခြေအနေ ခန့်မှန်းချက်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁၂ ရက်မှ ၁၄ ရက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့၌ ၇ ရက်မှ ၁၁ ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ၄ ရက်မှ ၆ ရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မေလအတွင်း နေ့အပူချိန်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက်ပိုပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၌ မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

မြစ်ရေအခြေအနေခန့်မှန်းချက်မှာ လာမည့်မေလအတွင်းတွင် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်၊ ဒုဋ္ဌဝတီမြစ်၊ ရွှေကျင်မြစ်၊ ပဲခူးမြစ်နှင့် ငဝန်မြစ်တစ်လျှောက်ရှိမြို့များ၌ မြစ်ရေများသည် လက်ရှိရေအမှတ်များ၏အထက် မြင့်တက်လာနိုင်သော်လည်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်ဖွယ်ရာမရှိဟု ခန့်မှန်းထားသည်။

မေလသည် မိုးကြိုကာလမှ မိုးရာသီကာလသို့ ကူးပြောင်းတော့မည့်လဖြစ်သည်။ ဤကာလအတွင်းတွင် မြန်မာနိုင်ငံတောင်ပိုင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသအထိ အနောက်တောင်မုတ်သုံလေ ဝင်ရောက်တော့မည်ဖြစ်ပြီး ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်သော မုန်တိုင်းများသည် မြန်မာနိုင်ငံဘက်ဆီကို ဝင်ရောက်တတ်သည့်အတွက် အထူးသတိထားရမည့်လ ဖြစ်သည်။

အထူးသဖြင့် အနောက်တောင်မုတ်သုံလေဝင်ရောက်တော့မည့် အခါကာလဖြစ်သဖြင့် နေ့စဉ်လိုလို မိုးတိမ်တောင်ကြီးများ ဖြစ်ပေါ်တတ်ပြီး နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်းနှင့် ခေတ္တမျှ လေပြင်းများတိုက်ခတ်ခြင်းတို့ နေ့စဉ်လိုပင် ဖြစ်ပေါ်တတ်သည်။ မုတ်သုံလေဝင်ရောက်ပြီး တစ်ပတ်ခန့်အကြာတွင် မိုးထစ်ချုန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းတို့ လျော့နည်းသွားလေ့ရှိသည်။ ယင်းကာလအတွင်း မုတ်သုံလေဝင်ရောက်မှုနှင့် မုန်တိုင်းဖြစ်ပေါ်မှုအခြေအနေများနှင့် ပတ်သက်၍ ကြိုတင်သတိပေးချက်နှင့် သတင်းများကို မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

ထူးခြားသော မိုးလေဝသအခြေအနေများနှင့်ပတ်သက်၍ ကြိုတင်သတိပေးချက်များ၊ သတင်းများ သိရှိလိုပါက မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ website ဖြစ်သော www.moezala.gov.mm သို့လည်းကောင်း၊ နေပြည်တော်နှင့် ရန်ကုန်မြို့ရှိ အလိုအလျောက် ဖြေကြားစက်များဖြစ်ကြသော ၄၁၁၂၅၂နှင့် ၆၆၇၇၆၆ သို့ လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ သတင်းစာများနှင့် FM ရေဒီယိုများမှ လည်းကောင်း ကြည့်ရှုနားဆင်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးထားသည်။

(သတင်းစဉ်)

ကမ်းရိုးတန်းဒေသများ မိုးဆက်လက်ထစ်ချုန်းရွာမည်

နေပြည်တော် မေ ၂

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **နေ့အပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** နေပြည်တော်(သပြေကုန်း)နှင့် နေပြည်တော်(ပျဉ်းမနားမြို့နယ်)တို့တွင် သုည ဒသမ ၈၇ လက်မစီ၊ နေပြည်တော်(ရေဆင်း)တွင် သုည ဒသမ ၇၉ လက်မ၊ ဗန်းမော်မြို့တွင် ၃ ဒသမ ၇၈ လက်မနှင့် ကသာမြို့တွင် ၂ ဒသမ ၃၆ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မေ ၃ ရက် ညနေအထိခန့်မှန်းချက် ။ ။ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ပခုက္ကူစာပေဆုပေးပွဲ မေ ၁၆ ရက်တွင် ကျင်းပမည်

ရန်ကုန် မေ ၂

ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုနှင်းသဘင် အခမ်းအနားကို မေ ၁၆ ရက် (တနင်္လာနေ့) နံနက် ၉ နာရီတွင် ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ပခုက္ကူဦးအုံးဖေပညာရည်ချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများအားလည်း ယင်းစာပေဆုနှင်းသဘင် အခမ်းအနားနှင့် တစ်ပေါင်းတည်းကျင်းပမည့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် ပညာရည်ချွန်ဆုများ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုရ ပုဂ္ဂိုလ်များသည် ရန်ကုန်မြို့ ကုန်သည်လမ်း အမှတ် (၅၂၉-၅၃၁) စာပေဗိမာန်ရှိ ပခုက္ကူဦးအုံးဖေစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ အတွင်းရေးမှူး ဖုန်း-၃၇၆၅၆၉၊ တွဲဖက်အတွင်းရေးမှူး ဖုန်း- ၂၄၉၂၃၀နှင့် ရုံးအဖွဲ့ ဖုန်း-၃၈၁၄၄၉ တို့သို့ အမြန်ဆုံး ဆက်သွယ်ကြရမည်ဖြစ်ကြောင်း သိရသည်။

ပခုက္ကူဦးအုံးဖေပညာရည်ချွန်ဆုရရှိကြသူများသည် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးသန့် ဖုန်း-၀၆၇-၄၀၇၂၇၂၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ကျွမ်းကျင်သူ) ဦးထွန်းလှ ဖုန်း-၀၁-၅၄၈၅၄၀ တို့သို့ အမြန်ဆုံး ဆက်သွယ်သတင်းပို့ရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပညာရပ်ဆိုင်ရာဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် မေ ၂

မြန်မာနိုင်ငံဗိသုကာအသင်းက စီစဉ်ကျင်းပသော ပညာရပ်ဆိုင်ရာဆွေးနွေးပွဲ (၀၄/၂၀၁၁)ကို မေ ၇ရက်(စနေနေ့) မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ (လှိုင်တက္ကသိုလ်နယ်မြေဝင်း) မြေညီထပ် Seminor Room ၌ ကျင်းပမည်ဖြစ်ရာ ယင်းဟောပြောပွဲတွင် Planning and Designing against Natural Disasters ခေါင်းစဉ်ဖြင့် ဒေါက်တာကျော်လတ်က ဟောပြောမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများ ဖုန်း ၀၉-၇၃၁၅၃၀၈၄၊ ၀၁-၇၂၃၁၀၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ပညာဂုဏ်ရောင် အလင်းဆောင်

သိန်းနီ၌ ပညာအလင်းရောင်စာကြည့်တိုက်ဖွင့်

လားရှိုး မေ ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် သိန်းနီမြို့နယ် ကောင်းဟော်ကျေးရွာအုပ်စု ကောင်းလောက်စောက်ကျေးရွာတွင် နိုင်ငံတော်မှ မတည်ငွေကျပ် ၁၀ သိန်းနှင့် ကျေးရွာပြည်သူများ၏ ပံ့ပိုးကူညီငွေကျပ် ၁၇ သိန်းဖြင့် တည်ဆောက်ပြီးစီးသော ပညာအလင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီက အဆိုပါအဆောက်အအုံသစ်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းအောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အိအိသိမ့်၊ ကျေးရွာရပ်မိ၊ ရပ်ဖ ဦးမောင်အုံးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

ထို့နောက် အလှူရှင်များက ကျေးရွာစာကြည့်တိုက်အတွက် ငွေကျပ်လေးသိန်းကိုးသောင်းနှင့် စာအုပ်၊ စာစောင် ၁၈၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စောလင်းနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမင်းထွန်းက ကျေးဇူးတင်စကား ပြောကြားကြောင်း သိရသည်။

(၅၃၃)

လဝန်းအိမ် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်သို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ စာအုပ်၊ စာစောင်များ လှူဒါန်း

နေပြည်တော် မေ ၂

လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးရွာပြည်သူများ စာဖတ်ရှုနိုင်မြင့်မားရေး၊ အသိပညာဗဟုသုတ တိုးပွားရေးတို့အတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇေယျာသီရိမြို့နယ် ကျောက်ချက်ကျေးရွာအုပ်စု အိုင်စောက်ကျေးရွာ လဝန်းအိမ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွင် ကျင်းပသည်။

လှူဒါန်းပွဲသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်နှင့် အဖွဲ့ဝင်များ၊ ဇေယျာသီရိမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးမာ၊ ကျေးရွာအုပ်ချုပ်ရေးမှူးဦးမောင်တင်၊ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်နှင့် အဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်က လဝန်းအိမ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်၊ စာစောင် ၂၀၀၀ ကျော်အား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ဖျာပုံမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ စာအုပ်မျိုးစုံလှူဒါန်း

ဖျာပုံ မေ ၂

ဖျာပုံမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့မှ ဖျာပုံမြို့နယ် သမိန်ထောကုန်းတန်းစံပြကျေးရွာ ရွှေမင်းသားစာကြည့်တိုက်သို့ စာနယ်ဇင်းမျိုးစုံလှူဒါန်းပွဲကို ဧပြီ ၂၆ ရက် နံနက် ၈ နာရီတွင် ရွှေမင်းသားစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ဖျာပုံမြို့နယ် စာပေနှင့် စာနယ်ဇင်းဥက္ကဋ္ဌ ဦးအောင်ဝင်း (သတင်းထောက်အောင်ဝင်း - ဖျာပုံ)၊ အတွင်းရေးမှူး သတင်းထောက် သူဇာနွယ် (ဖျာပုံ)နှင့် သတင်းထောက်သောင်းညွန့် (ဖျာပုံ)တို့က စာအုပ်မျိုးစုံကို လှူဒါန်းကြရာ ရွှေမင်းသားစာကြည့်တိုက်ဥက္ကဋ္ဌ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ကျော်နှင့် စာကြည့်တိုက်မှူး ဒေါ်စန်းစန်းမော်တို့က လက်ခံရယူကြကြောင်း သိရသည်။**(ယာပုံ)** (၁၆၈)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီ ဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ပညာဘဏ်တိုက် စာကြည့်တိုက်

MYANMAR BESTIN CO.,LTD.

မြန်မာဘက်(စ်)တင်ကုမ္ပဏီလီမိတက်

ရုံးခန်းသစ်ပြောင်းရွှေ့ဖွင့်လှစ်ခြင်း

ယခင်လိပ်စာ တိုက်(အေ)၊ အခန်း(၂၀၁)၊ ရွှေသံလွင်ကွန်ဒို၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ Tel:(၉၅-၁)၅၄၄၀၂၉၊ ၇၂၇၆၃၈ မှ

* အမှတ်(၆၇)၊ ကမ္ဘာအေးစေတီလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ၁၁၀၆၁ သို့ ပြောင်းရွှေ့ဖွင့်လှစ်လိုက်ပါပြီ။

Tel:(၉၅-၁)၇၂၇၆၃၈၊ ၆၅၇၂၆၂၊ ၆၅၇၂၆၃

Fax:(၉၅-၁)၆၆၀၈၃၁

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်းနေ

ဒုတိယဗိုလ်မှူးကြီးမြင့်စိန်(ငြိမ်း)-ဒေါက်တာမြအေးဖြူတို့၏ ဒုတိယသား

ဒေါက်တာဖြိုးဝေမင်း

M.B.,B.S(YGN),IDCS & IAD (NCC,U.K.),M.Eng (Biomedical Engineering,NUS)

နှင့်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြစံပါယ်လမ်း၊ ပါရမီရိပ်သာနေ

ဦးအုန်းသိန်း[မြန်မာ့ရေနံ(ငြိမ်း)၊ ADVISOR(PTTEP)]-ဒေါ်ခင်ဆွေရီ[စက်မှု/အထည်(ငြိမ်း)]

တို့၏ တစ်ဦးတည်းသောသမီး

မခိုင်ချိုချိုသိန်း

B.E(Mechatronics, GTC-Hmawbi),IDCS & IAD(NCC,U.K)
M.Sc(Mechatronics,NUS)

Engineer (Acoustics),Panasonic AVC Networks Singapore Pte.Ltd.

တို့၏ ၁-၅-၂၀၁၁ ရက်တွင် စင်ကာပူနိုင်ငံ Park Royal Hotel, Sapphire Room၌ နှစ်ဖက်သောမိဘများ စုံညီရှေ့မှောက်တွင် လက်ထပ်မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော Mr.Cheong Yuen Chee(JP,BBM), Park Royal Hotel, Emerald Ball Room ၌ ကျင်းပပြုလုပ်သော မင်္ဂလာညစ်ခံပွဲတွင် မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဒေါက်တာဝင်းနိုင်နှင့် ဇနီး ဒေါ်ဝေဝေအေး၊ ကြွရောက်ချီးမြှင့်ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ဆရာဆရာမများ၊ ရပ်ဝေးရပ်နီးမှ သူငယ်ချင်းများ၊ လုပ်ဖော်ကိုင်ဖက်များအားလုံးနှင့်တကွ ၂-၅-၂၀၁၁ ရက်တွင် BurmeseBuddhist Temple, Singapore ၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးအလှူတွင် အဘက်ဘက်မှ ဝိုင်းဝန်း ကူညီပေးကြပါသော ဝေယျာဝစ္စအဖွဲ့ဝင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့ကို ဂါရဝတရားဖြင့် လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာဖြိုးဝေမင်း-မခိုင်ချိုချိုသိန်း

ရေယာဉ်လေလံကြော်ငြာ ရက်ပြောင်းရွှေ့ခြင်း

၁။ ဖမ်းဆီးရမိရေယာဉ်များ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၊ စစ်ထောက်ချုပ်ရုံးမှ ၁-၅-၂၀၁၁ရက်တွင် ကြေးမုံသတင်းစာနှင့်မြန်မာ့အလင်းသတင်းစာများတွင် မြိတ်ဒေသ၌ ၅-၅-၂၀၁၁ရက်တွင် လေလံတင်ရောင်းချရန်ကြော်ငြာထားသည့် ဖမ်းဆီးရမိရေယာဉ်(၅)စင်းအား ၅-၅-၂၀၁၁ရက်(အစား) ၃-၅-၂၀၁၁ ရက်တွင် လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အမှားပြင်ဆင်ချက်

၂၉-၄-၂၀၁၁ ရက်ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာထည့်သွင်းဖော်ပြခဲ့သည့် Star World General Co.,Ltd. မှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသော WAN GUANG (နာရီစင်ဓာတ်ခဲ)၏ အင်္ဂလိပ်စာလုံးပေါင်းအား WANG GUANG (နာရီစင်ဓာတ်ခဲ) ဟူ၍ မှားယွင်းရေးသားဖော်ပြခဲ့သဖြင့် အင်္ဂလိပ်စာလုံးပေါင်းအမှန်ဖြစ်သော WAN GUANG (နာရီစင်ဓာတ်ခဲ) ဟူ၍ ပြင်ဆင်ဖတ်ရှုပေးပါရန် အမှားပြင်ဆင်အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သီတာအုန်း(စဥ်-၆၃၀၇)
တရားရုံးချုပ်ရှေ့နေ
အမှတ်(၉/၁၁)၊အခန်း(၁၀၂/စီ)၊
၃၆လမ်း၊ကျောက်တံတားမြို့နယ်၊
ဖုန်း-၀၉-၅၁၆၀၆၀၇





စာအုပ်စာပေ လူ့မိတ်ဆွေ

စုပေါင်း သွေးလှူဒါန်းမည်

ရန်ကုန် မေ ၂

ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်းက နဝမအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲအတွက် သွေးလှူရှင်များ ဖိတ်ခေါ်လျက်ရှိကြောင်း သိရှိရသည်။ သွေးလှူဒါန်းပွဲကို ဓမ္မရောင်ခြည်အဖွဲ့မှ မေ ၇ ရက် နံနက် ၉ နာရီမှ စတင်၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ ကျင်းပသွားမည်ဖြစ်ရာ အသက်(၁၈)နှစ်မှ (၅၅)နှစ်အတွင်း ကျန်းမာရေးကောင်းမွန်သူမည်သူမဆို လာရောက်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်းမှ စုပေါင်းသွေးလှူဒါန်းမှုများကို ၂၀၀၈ ခုနှစ် ဇူလိုင် ၁၂ ရက်မှစတင် ဆောင်ရွက်ခဲ့ပြီး ပထမဆုံးအကြိမ်မှ အဋ္ဌမအကြိမ်အထိ သွေးပုလင်းပေါင်း ၁၀၁၅ ပုလင်း လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

သွေးလှူဒါန်း လိုသူများသည် ဖုန်း-၀၁-၃၈၂၉၃၅၊ ၀၉-၈၀၃၀၁ ၃၈ နှင့် ၀၉-၅၀၁၅၄၄၆ တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆို တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပြီး သွေးလှူဒါန်း

ရန်ကုန် မေ ၂

၂၀၁၁ ခုနှစ် မေ ၅ရက်တွင် ကျရောက်မည့် (၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန(ရုံးချုပ်)မှ တပ်ဖွဲ့ဝင်များ၊ သင်တန်းသားများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်မီးသတ်စခန်းများမှ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် ယနေ့နံနက်၇နာရီတွင် မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးနှင့် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၅၀၀) တို့၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြပြီး သွေးလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။**(ဝဲပုံ)**

(သတင်းစဉ်)

စည်းကမ်းမဲ့ မော်တော်ဆိုင်ကယ်များ ပညာပေး

နေပြည်တော် မေ ၂

နေပြည်တော်နယ်မြေ အတွင်း ယာဉ်မတော်တဆမှုများတွင် မော်တော်ဆိုင်ကယ် အသုံးပြုသူများ သေဆုံး၊ ထိခိုက် ဒဏ်ရာရရှိမှု အများဆုံးဖြစ်ကြောင်း တွေ့ရှိရသည်။ ထိုသို့ဖြစ်ပွားရခြင်းမှာ မော်တော်ဆိုင်ကယ်အစီးရေ တိုးတက်များပြားလာသည့်အပြင် စီးနင်းမောင်းနှင်သူအချို့သည် ဆိုင်ကယ်စီးသင်တန်းတက်ရောက်ထားခြင်း မရှိသည့်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ပြည့်ပြည့်စုံစုံမသိခြင်း၊ ဆိုင်ကယ်စီး မကျွမ်းကျင်ခြင်း၊ ဆိုင်ကယ်ဦးထုပ်ကို စနစ်တကျ မဆောင်းခြင်း၊ နှစ်ဦးထက်ပိုစီးခြင်း၊ အရှိန်ပြင်းမောင်းနှင်ခြင်း၊ မဆင်မခြင်မောင်းနှင်ခြင်းတို့ကြောင့် ဖြစ်ကြောင်း သုံးသပ်ရရှိသဖြင့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ စစ်ဆေးအရေးယူပညာပေးမှုကို အပတ်စဉ် ကြာသပတေးနေ့နှင့် တနင်္ဂနွေနေ့များ၌ အထူးအဖွဲ့များဖွဲ့စည်းပေးပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ အဖွဲ့များက စစ်ဆေးပညာပေးအရေးယူ ဆောင်ရွက်နေခြင်းကို နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင် ဦးစောလှနှင့် ဆပ်ကော်မတီ ဥက္ကဋ္ဌများ ဧပြီ ၂၈ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၁နာရီထိ နေပြည်တော်နယ်မြေအတွင်း လှည့်လည်ကြပ်မတ်စစ်ဆေးခဲ့ပြီး ဆောင်ရွက်ရမည့် နည်းလမ်းများကို မှာကြားခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၉-ဘီ)ရပ်ကွက် နတ်မောက်လမ်းနေ ကွယ်လွန်သူ သမီး မချယ်ရီဆွေအား ရည်စူး၍ မိခင် ဒေါ်မြင့်မြင့်ဝေမိသားစုက ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် လေးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ရန်ကုန်ဆရာအတတ်သင်သိပ္ပံ (ကံဘဲ့) ရန်ကင်းပညာရေးကောလိပ် ဒသမအကြိမ် အာစရိယပူဇော်ပွဲကို မေ ၁ ရက်က ယင်းကျောင်းခန်းမ၌ ကျင်းပစဉ်။

(၃၅)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

နေပြည်တော်ရှိ တတိယမြောက် အပြည်ပြည်ဆိုင်ရာလေဆိပ်ကြီးသည် တစ်ချိန်တည်း လေယာဉ် ၁၀ စင်း ဆိုက်ကပ်နိုင်ပြီး တစ်နေ့လျှင် ခရီးသည် ၉၀၀၀ ဝင်ထွက်နိုင်မည်

နေပြည်တော် မေ ၂

မြန်မာနိုင်ငံတွင် မြို့ပြလေကြောင်းဆိုင်ရာ လေဆိပ်ပေါင်း ၃၃ ခု ရှိသည့်အနက် ရန်ကုန်နှင့် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်နှစ်ခုသာလျှင် နိုင်ငံတကာအဆင့် လေဆိပ်အဖြစ် သတ်မှတ်ထားရှိသည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အိမ်နီးချင်းနိုင်ငံများသို့ လေကြောင်းလိုင်း ၁၄ လိုင်း နေ့စဉ် ပျံသန်းပြေးဆွဲလျက်ရှိပြီး ပျံသန်းသည့် အခေါက်ရေအားဖြင့် ပျမ်းမျှ ၃၀ ပျံသန်း ပို့ဆောင်ပေးလျက်ရှိသည်။ နေ့စဉ်ပျမ်းမျှ နိုင်ငံတကာခရီးသည် ၃၃၀၀ ကျော် ဝင်ထွက်လျက်ရှိပြီး ၂၀၁၀ ခုနှစ်အတွင်း နိုင်ငံတကာခရီးသည် စုစုပေါင်း ၁ ဒသမ ၂ သန်းကျော် ဝင်ထွက်ခဲ့သဖြင့် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၂၇ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆

၂၀၁၁ ခုနှစ် မေလအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် မေ ၂

ပြီးခဲ့သည့် ဧပြီလအတွင်း မြန်မာနိုင်ငံအရပ်ရပ်၌ ရွာသွန်းခဲ့သော မိုးရွာရက်များအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် သုံးရက်မှ ခုနစ်ရက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရှစ်ရက်မှ ၁၁ ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ၁၅ ရက်ခန့်မှ ၁၈ ရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာသွန်းခဲ့သည်။

ဇန်နဝါရီ ၁ ရက်မှစ၍ ဧပြီလကုန်အထိ မြန်မာနိုင်ငံအရပ်ရပ်တွင် ရွာသွန်းခဲ့ပြီးဖြစ်သော မိုးရွာသွန်းမှု အခြေအနေများမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း (ဟုမ္မလင်းမြို့နှင့် မော်လိုက်မြို့)၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း(မုံရွာမြို့)၊ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❍

လာနီညာဖြစ်စဉ်၏ သက်ရောက်မှု ဇွန်လထိရှိနိုင် ယခုနှစ်အတွက် မုတ်သုံရာသီ ပုံမှန်အခြေအနေရှိ

တွေ့ဆုံမေးမြန်း - ဇော်မိုးသောက်နှင့်ဓာတ်ပုံ - ကိုရွှေဝင်းနိုင်

ယခုနှစ် မတ်လတတိယပတ်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တို့တွင် အခါမဟုတ် မိုးများရွာသွန်းခဲ့မှုနှင့် ဧပြီလတတိယပတ်နှင့် မေလဆန်းရက်အထိ ရွာသွန်းနေသောမိုးကို အကြောင်းပြု၍ လာမည့်မုတ်သုံရာသီအပေါ် အကျိုးသက်ရောက်မှု ရှိ၊ မရှိကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာဟာရင်နိုင်တီယမ်းနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးချစ်ကျော်တို့အား ကြေးမုံမှ တွေ့ဆုံမေးမြန်းခဲ့မှုကို တင်ပြလိုက်ပါသည်။

ကြေးမုံ။ ။ မတ်လနှောင်းပိုင်းတွင် ဖြစ်ပေါ်ခဲ့သည့် မိုးရွာသွန်းမှု အကြောင်းခံကို ရှင်းပြပါ။

ဦးချစ်ကျော်။ ။ အဲ့ဒီဟာက ထူးခြားဖြစ်စဉ်လို့ ပြောရပါမယ်။ ယခုနှစ် မတ်လအတွင်းက ကပ္ပလီပင်လယ်ပြင်မှာ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်ပြီး မုန်တိုင်းအဆင့်ထိ ရောက်မလာဘဲ ပျက်ပြယ်သွားခဲ့ပါတယ်။ ယင်း၏ အကျိုးသက်ရောက်မှုကြောင့် မြန်မာနိုင်ငံတောင်ပိုင်းဒေသအချို့မှာ မိုးရွာသွန်းခဲ့ပါတယ်။ ဤဖြစ်စဉ်မျိုး ၁၉၉၄ ခုနှစ်က တစ်ကြိမ်ဖြစ်ခဲ့ဖူးပါတယ်။

အဲ့ဒီတုန်းကတော့ လေဖိအားနည်းရပ်ဝန်းမှ မုန်တိုင်းငယ်အဆင့်ထိ ဖြစ်ခဲ့ဖူးပါတယ်။ ယခုနှစ် မတ်လအတွင်း ထိုင်းနိုင်ငံတောင်ပိုင်းမှာ မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးမှုဖြစ်ခဲ့တာဟာ အထက်က ပြောခဲ့တဲ့ လေဖိအားနည်းရပ်ဝန်း ပျက်ပြယ်သက်ရောက်မှုပါ။

ကြေးမုံ။ ။ ဧပြီလ တတိယပတ်အတွင်းမှာ ဖြစ်ပေါ်ခဲ့တဲ့ မိုးရွာသွန်းမှုဟာ မေလဆန်းတဲ့ထိ ရပ်တန့်ခြင်းမရှိသေးပါဘူး။ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❖



မေ ၁ ရက်က မြန်မာနိုင်ငံနှင့် အာရှတိုက် အရှေ့ဖျားဒေသအထိ ဖွဲ့စည်းဖြစ်တည်နေသော တိမ်တိုက်တန်းကြီးကို ဂြိုဟ်တုဓာတ်ပုံ၌ မြင်တွေ့ရပုံ။